# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၃၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင် ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များ နှင့်အတူ တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော် တို့ဖြင့် နိုဝင်ဘာ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ် အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ နှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာ သင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန် မီးပုံးပျံ ကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ် သည်။

ထို့အပြင် ညပိုင်း ဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသ ထွက်ကုန်များနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❍



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားမှ ရှုခင်းကြည့် အပျော်စီးရထားကို တောင်ကြီး-ပေါ်မူ-တောင်ကြီး ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ စတင်ပြေးဆွဲလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကာလဖြစ်သည့် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ၄ ရက်အထိ ပြေးဆွဲပေးလျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၃* ❖

**ယနေ့ သတင်းအညွှန်း**


**၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ ၃

**၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ ၃



**အီရတ်နိုင်ငံတစ်ဝန်း အမျိုးသားအဆင့် အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများစတင်**
နိုင်ငံတကာသတင်း စာ ၁၄

**မြန်မာနိုင်ငံ၌ ပင်လယ်ပျော် ငှက်မျိုးစိတ် ၂၄ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်**



ပြည်တွင်းသတင်း စာ ၂၀

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)တို့အား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်းပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့်စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် ရဲမင်းစိုး ရေးသားသည့် **လေလှိုင်းကြားက အသက်ရှူသံများနှင့် (စစ်သည်နှလုံးသား ခံစားချက်ဝတ္ထုတိုများ)** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် ဇော်မင်းမင်းဦး ရေးသားသည့် **နယ်နိမိတ်နဲ့စည်းရိုး** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် ငွေးကြည် (စလင်း) ရေးသားသည့် **လက်ဖျော်ကော်ဖီ**စာအုပ် (ဆောင်းစုရတီစာပေတိုက်)၊ စာပဒေသာဆုတွင် မောင်ရိုး(ငဖဲ) ရေးသားသည့် **လွမ်းရတမ်းတပ့ါ ငဖဲမြေ ကျွန်တော်တို့ရွာကျွန်တော်တို့ဓလေ့-၂** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ ကလေးစာပေဆုတွင် သက်ဦးခင် ရေးသားသည့် **မြန်မာ့ရတနာ ကလေးကဗျာများ** စာအုပ် (စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် သက်ထွန်းဦး ရေးသားသည့် **လုပ်ငန်းငယ်များအတွက် မရှိမဖြစ် ဘဏ္ဍာရေးစီမံခန့်ခွဲမှုလမ်းညွှန်** (ဇာတိမြေစာပေတိုက်)၊ ဘာသာပြန် (ရသ)ဆုတွင် မြင်းမူမောင်နိုင်မိုးရေးသားသည့် **ခေတ်အဆက်ဆက်နှစ်သက်စရာ တရုတ်ကဗျာများ** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုတွင် အထူးဆုအနေဖြင့် တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် **ဗုဒ္ဓသာသနာထွန်းလင်းဖြာ** စာအုပ် (တာမိုးညဲစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဖိစီးမှုရှင်း သောကကင်း** စာအုပ် (သုတစွယ်စုံစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခ ကိုကိုအောင် ရေးသားသည့် **ခေတ်သစ်လူထုသိပ္ပံကျမ်း** စာအုပ် (စာပေဗိမာန်)၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုတွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ရေးသားသည့် **မူးယစ်ဆေးစွဲခြင်းဆိုင်ရာသိပ္ပံပညာ** စာအုပ် (ရှင်မတောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် အလင်းဆက် (IR) ရေးသားသည့် **အင်ဒို-ပစိဖိတ်ဒေသ တရုတ်နှင့် အမေရိကန် မဟာဗျူဟာအခင်းအကျင်း** စာအုပ် (Satori Publishing စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Mra Hninzi ရေးသားသည့် **Myanmar Postage Stamps** စာအုပ် (တာမိုးညဲ စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် မင်းချမ်းမွန် ရေးသားသည့် **ကျွန်တော် တတိယ ရန်ကုန်မြို့တော်သား(ရသအက်ဆေးများ)** စာအုပ် (မင်းနှင့်မေစာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် DR. KHIN MAUNG LWIN (FAME) ရေးသားသည့် **MYANMAR MEDICINAL PLANT ENCYCLOPEDIA** စာအုပ် (Fame Publishing House စာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ငွေကျပ် သိန်း ၄၀ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့) တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ (မြန်မာစာ)၏ **အပ္ပမာဒေနသမ္ပာဒေထ** ၊ ဒုတိယဆုကို မင်းဇေဒါ(ပွင့်ဖြူ)၏ **ကင်မရာတစ်ဆိုင်းကလောင်တစ်ချောင်းဖြင့် မိုင်ပေါင်းရာထောင်ချီ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နိုင်မျိုးသစ္စာ (နမ္မတူ)၏ **ရှေ့နေမဟုတ်သော ရှေ့နေဝတ္ထုတိုများ** ၊ ဒုတိယဆုကို ကျော်တေဇ (ဥက္ကလာ)၏ **အတ္တမုန်တိုင်းကြားက နှလုံးသားပျိုးပင်နှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို နန္ဒာခင်(သက္ကလမြေ)၏ **ပိုးနှင့် အခြားသုတ၊ ရသဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ငွေးသစ်လွင် (ပရိမ္မ)၏ **ထနောင်းမြထီး ဘဝခရီးကဗျာများ**၊ ဒုတိယဆုကို ယိမ်းနွဲ့၏ **သန္တရသ ခွန်အားပေးကဗျာများ**၊ တတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **ရွှေပြည် မြန်မာအလှပဒေသာနှင့် လောကအလှကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **တံ့တေးမြေမှာပွင့်လန်း တစ်ပွင့်ပန်း အာဇာနည် သို့မဟုတ် အောင်ဆန်းသူရိယဗိုလ်မှူးအေးချို**၊ ဒုတိယဆုကို ဆွေဇင်ညွန့်၏ **မှတ်သားလေ့လာ သမိုင်းသုတအဖြာဖြာ (ဆောင်းပါးပေါင်းချုပ်)**၊ တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ကုန်းဘောင်နှင့် ကိုလိုနီခေတ်လက်ရာ ထင်ရှားသော သစ်သားအဆောက်အအုံများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုး သိပ္ပံနှင့်အသုံးချသိပ္ပံ) ဆုတွင် ဒုတိယဆု(ရိုးရိုး)ကို ဒေါက်တာမြင့်သန်း၏ **အာရုံနှင့် စိတ်တို့ဖြစ်ပျက်ရာ ဦးနှောက်**၊ ဒုတိယဆု (အသုံးချ)ကို တိုးနိုင်ငွေး၏ **ဘာကြောင့် ရေအားလျှပ်စစ်ကို ရွေးချယ်သင့်သလဲ**နှင့် တတိယဆု (အသုံးချ) ကို ရတနာစိုး (အမျိုးသားစာပေဆုရှင်)၏ **ကျန်းမာဖွံ့ဖြိုးဝင်ငွေတိုး၊ ပင်မှည့်စိုက်ပျိုး** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို တက္ကသိုလ်မြမဉ္ဇူ၏ **အပြစ်မမြင် လမ်းသစ်ထွင်ကာ ညီညာဖြဖြ-တူလျှောက်ကြစို့** ၊ ဒုတိယဆုကို သုတေသီမောင်ဟန်၏ **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အမေရိကန်ရောက် မြန်မာပညာတော်သင်တစ်ဦး၏မှတ်တမ်း**၊ တတိယဆုကို ဒေါက်တာကောင်းစံ၏ **အတွေ့အကြုံအဖုံဖုံ၊ စစ်မြေပြင် ဆေးမှူးဘဝ မှတ်တမ်းစုံ** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို စောပုလဲမယ်၏ **ရွှေတိဂုံစေတီတော် ဆီမီးခုံ ပတ်လည် မြန်မာမှု စဉ့်အနုပညာလက်ရာများ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို စစ်တွေညိုသန့်၏ **သားသမီးအလိမ္မာကလေးကဗျာများ** ၊ ဒုတိယဆုကို ခိုင်ချစ်အောင်၏ **ဝီရိယရှိသူ ထိပ်ဆုံးလူကလေးကဗျာများ**၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တတိယဆုကို ခင်ဇော်(သီတာကုန်းပြင်)၏ **အရသာရှိသော အောင်မြင်မှုနှင့် အခြားစာစုများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ကိုကေအီး (နိဗ္ဗာန်) ၏ **တွန်းအား**၊ ဒုတိယဆုကို ထွဋ်ဦးဇေယျာ၏ **စာရှုးပေရှုးမလေးနှင့် လူငယ်ဝတ္ထုတိုများ** ၊ တတိယဆုကို ခင်လေး (ပြည်ထောင်စုနယ်မြေ)၏ **ချစ်လှစွာသော မြန်မာမလေးသို့ ...** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် စစ်ရေး၊ နိုင်ငံရေးဆောင်းပါးများ** စာမူများကလည်းကောင်း၊ ပြဇာတ် စာပေဆုတွင် ဒုတိယဆုကို တင်တော်၏ **မထိလာ ကန်ပေါင်ထက်က.. အနိရုဒ္ဓရဲ့ လွမ်းချင်းနှင့်** တတိယဆုကို ရဲနွယ်မောင် (သုံးဆယ်)၏ **အကြင်နာပန်းတို့ လန်းပါစေ** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို အေးသန္တာမောင်၏ **စိတ်လမ်းညွှန်မြေပုံ စိတ်မျက်နှာဖုံး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han၏ **My Memoir of Archaeological Excavations at Kambawza-thardi Palace Site** စာမူကလည်းကောင်း၊ ရသစာတမ်းဆုတွင် ဒုတိယဆုကို သုတိဩဘာ (ဆင်ပေါင်ဝဲ)၏ **ရွာဦးကျောင်းဆရာတော်တစ်ပါး၏ ဘဝမှတ်တမ်း**စာမူကလည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆုကျပ်၁၅ သိန်း၊ ဒုတိယဆုကျပ် ၁၀ သိန်း၊ တတိယဆု ကျပ်ခုနစ်သိန်း ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆုကို ကျပ် ၁၀ သိန်း တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၄ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၄၇ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသား စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံ ဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၅ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တက်ရောက်ဆုချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ကျင်းပသည်။

ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် ရန်ကုန်ဇုန်(က)အသင်းနှင့် မန္တလေးဇုန်(က)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးချိန်အထိ တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နယ်တီကန်သွင်းကြရာ မန္တလေးဇုန်(က)အသင်းက ရန်ကုန်ဇုန်(က)အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင် က Royal-D မိသားစုကိုလည်းကောင်း၊ လေ့လာဆန်းစစ် အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်း က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဒိုင်များကို ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက နေရာအလိုက်အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထူးဆုရရှိသော ရန်ကုန်ဇုန်(ခ) အသင်းကို ပညာရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်က ငွေသားဆု ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော မန္တလေးဇုန်(ခ)အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရန်ကုန်ဇုန်(က) အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ ပထမဆု ရရှိသော မန္တလေးဇုန်(က) အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆု ငွေကျပ်သိန်း ၅၀နှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ပညာရေးဒီဂရီကောလိပ် ခုနစ်ကျောင်းမှ နေရပ်မပြန်နိုင်သည့် ကျောင်းသားကျောင်းသူများအတွက် စားသောက်စရိတ် ထောက်ပံ့ချီးမြှင့်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူသည်။

ယနေ့နံနက်ပိုင်းတွင် တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁)၌ ရန်ကုန်ဇုန်(ခ)အသင်းနှင့် မန္တလေးဇုန်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲပြီးချိန်ထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နတီအဆုံးအဖြတ်ကန်သွင်းရာ မန္တလေးဇုန်(ခ)အသင်းက ရန်ကုန်ဇုန်(ခ)အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရွှေ့ဖုံးမှ*

ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီး လှူပ်စီနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ်သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ရွှေ့ဖုံးမှ*

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့်ကြာမြင့်ကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးပြီး ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန်မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်း နှစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး ရထားစီးခရီးသည် အထက်တန်း ၃၆ ဦး၊ ရိုးရိုးတန်း ၇၂ ဦး စုစုပေါင်း ၁၀၈ ဦး လိုက်ပါစီးနင်းကြသည်။ အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စီးလုံး) ငှားရမ်း လိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**ကိုကိုးကျွန်း နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များက ကိုကိုးကျွန်းမြို့နယ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း ကွင်းဆင်း၍ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်း ပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သောဘူးခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ကားတာယာဟောင်းများ၊



ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၅၆
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြား သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကို လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိလာပါက ထိုက်တန် စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပ သည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစား အဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ စတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီစံနှုန်းများနှင့် ကိုက်ညီပြီး အာဟာရဖြစ် စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း။

မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန် ၇ ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကူညီ ထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြု ချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်နှင့် ဝန်ကြီးဌာနများမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးပြီး သင့်လျော်သည့် ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြု ပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိ ရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမ အကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်း အဝေးတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ အားကစားအောင်နိုင်ရေး ကော်မတီ သက်ဝင်လှုပ်ရှား နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြ စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက် လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင် ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက် နေမှုများနှင့် အောင်မြင်မှုများရရှိလာပါက ဂုဏ်ပြု ထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိသည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက် သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိ အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် အဘက်ဘက် မှ ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့်ပါဝင်ဆောင် ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းဘူးမြို့၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်



**မင်းဘူး နိုဝင်ဘာ ၁**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးငလျင်ဘေးသင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မင်းဘူးမြို့ ထောက်ရှာပင်ရေနံမြေ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ-ရေနံမြေ ဌာနများ၊ သက်ဆိုင်ရာအလုပ်ဌာနများမှ အလုပ်သမားများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း အလုပ်ဌာန ၁၄၀၈ ဌာနနှင့် အာမခံအလုပ်သမား ၁၈၀၄၇ ဦးရှိရာ မင်းဘူးမြို့နယ်တွင် အလုပ်ဌာန ၁၇၂ ဌာန၌ အာမခံအလုပ်သမား ၄၈၈၃ ဦးရှိသည့်အနက်၊ ၂၇ ဌာနမှ အာမခံအလုပ်သမား ၇၆၁ ဦးအား သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၄၄၈ သန်းကို တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်မြတ်မြတ်ဦးက အလုပ်ဌာနများကိုယ်စား ထောက်ရှာပင်ရေနံ မြေမှ တာဝန်ရှိသူ တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၁၅)

## တက္ကသိုလ်ပညာရေးနှင့် လုပ်ငန်းခွင်ဆက်စပ်မှု (University - Industry Relationships)

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ်-ငြိမ်း)

ထပ်မံပြီး စာရေးသူ ကြုံတွေ့ခဲ့ရသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်၊ အသက်မွေး ပညာသင်ကျောင်းများနှင့် ထိုနိုင်ငံများအတွင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူ စီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်မှု အခန်းကဏ္ဍကို ဆက်လက်ဆွေးနွေးပါမည်။

**၁။ တက္ကသိုလ်/ကောလိပ်/သိပ္ပံ - စက်မှု၊ စိုက်ပျိုးရေး၊ စီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်ဆံရေး၏ အရေးပါမှု**

(၁-က) **အတတ်ပညာနှင့် လုပ်ငန်းလိုအပ်ချက်များအကြား ချိတ်ဆက်ပေးခြင်း။** တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက သီအိုရီနှင့် ဗဟုသုတများစွာ ပေးသော်လည်း စက်မှု၊ စိုက်ပျိုး၊ စီးပွားရေး လုပ်ငန်းများက လက်တွေ့အသုံးချနိုင်သော Practically skills ကို လိုအပ်နေတတ်ပါသည်။ နှစ်ဖွဲ့အတူ ပူးပေါင်းလျှင် သင်ရိုးညွှန်းတမ်းများကို တစ်နိုင်ငံချင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးနိုင်ပါသည်။

(၁-ခ) **သုတေသနနှင့် တီထွင်ဖန်တီးမှု တိုးတက်အောင်မြင်ခြင်း။** တက္ကသိုလ်များတွင် ပညာတတ်နှင့် သုတေသနစွမ်းရည် များစွာရှိသော်လည်း ငွေကြေး၊ ရန်ပုံငွေအကူအညီ နည်းနေတတ်ပါသည်။ နိုင်ငံတကာတွင် သုတေသန အစိုးရရန်ပုံငွေအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း များပြားစွာ ကူညီမှုရနေပါသည်။ စီးပွား၊ စက်မှုလုပ်ငန်းများမှ ငွေကြေး၊ လုပ်ငန်းကိရိယာ (Research Equipment) နှင့် သတင်းအချက်အလက်များ (Required Data) ပေးခြင်းဖြင့် နှစ်ဦးအတူ ဖန်တီးတီထွင်ဆန်းသစ်မှုများ ပြုလုပ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။

(၁-ဂ) **နည်းပညာနှင့် ဗဟုသုတ ပြောင်းလဲမှု ။** တက္ကသိုလ်တွင် ဖန်တီးခဲ့သည့် သုတေသနရလဒ်များကို စီးပွားရေး၊ အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများက ထုတ်ကုန်သို့ ပြောင်းလဲနိုင်သည်။ ဤနည်းဖြင့် တက္ကသိုလ်ရှိ သုတေသနများသည် လူ့ဘောင်အကျိုးရှိအောင် အသုံးချနိုင်ပါသည်။

(၁-ဃ) **ကျောင်းသားများအတွက် လုပ်ငန်းအတွေ့အကြုံရရှိခြင်း။** နောက်ဆုံးနှစ် လုပ်ငန်းခွင်အကြို လက်တွေ့လုပ်ငန်းများ စသည်ဖြင့် ကျောင်းသားများကို လုပ်ငန်းခွင်တွင် တက်ကြွစွာ လေ့ကျင့်ခွင့်ပေးခြင်းဖြင့် လက်တွေ့အတွေ့အကြုံ ရရှိစေပါသည်။ ဤအတွေ့အကြုံသည် ဘွဲ့ရပြီးနောက် အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူဖြစ်သည်။

> ❖ **တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းပူးပေါင်းမှုက ခေတ်မီနည်းပညာများ၊ စွမ်းအင်၊ ထုတ်ကုန်အသစ်များ ဖန်တီးနိုင်စေသည်။ ဤအရာက နိုင်ငံအချင်းချင်း၏ ပြိုင်ဆိုင်နိုင်မှု တိုးတက်စေနိုင်**
>
> ❖ **ကျောင်းသား ကျောင်းသူများကိုလည်း ဒါရေး၊ အလွတ်ကျက်၊ ဒါဖြေ (Rote Learning and Memorizing) ကို လျှော့ချပြီး အတွေးအခေါ်ကို ဦးစားပေးသော သင်ကြား၊ သင်ယူခြင်းစနစ်များ တိုးတက်လာနိုင်ခြင်း၊ တချို့ဘာသာရပ်များ၏ ဘွဲ့ရများ နှစ်စဉ်လိုအပ်သည်ထက် ပိုမိုထုတ်လုပ်ပေးနေခြင်းကို လျှော့ချပေးခြင်းဖြင့် မိဘများ၊ နိုင်ငံတော်၊ တက္ကသိုလ်များ၏ ဘတ်ဂျက်၊ ငွေကြေးများကို အကျိုးရှိစွာ အသုံးပြုနိုင်ပါလိမ့်မည်**

(၁-င) **နှစ်ဖက်စလုံးအတွက် တိုးတက်မှုနှင့် အားသာချက်။** တက္ကသိုလ်များအတွက် သင်ရိုးသစ်၊ လုပ်ငန်းအခြေခံ သင်ကြားမှုများ တိုးတက်လာသည်။ စက်မှု၊ စီးပွားလုပ်ငန်းများအတွက် လေ့ကျင့်ထားသော အင်ဂျင်နီယာ၊ စီးပွားရေး၊ စိုက်ပျိုး မွေးမြူရေး ပညာများနှင့် အသုံးချနိုင်သော လူ့စွမ်းအားရရှိလာသည်။

ဤစနစ်ကို စင်ကာပူနိုင်ငံတက္ကသိုလ်များတွင် နှစ်စဉ်လက်တွေ့ကျင့်သုံးလျက်ရှိနေပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ချက်ချင်းလိုအပ်နေသော ဘာသာရပ်အသစ်များကို နှစ်စဉ်တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့် ဆက်စပ်မှုရှိအောင် ပြောင်းလဲ၊ ပြင်ဆင်သင်ကြား၊ သုတေသနပြုနေပါသည်။ တက္ကသိုလ်များ၏ ဘာသာရပ်၊ သင်ရိုးညွှန်းတမ်းများကို အစိုးရမှ ဗဟိုချုပ်ကိုင်မှု၊ တိုက်ရိုက်လွှမ်းမိုးမှုမရှိဘဲ တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေး၊ စီမံခန့်ခွဲရေးအဖွဲ့တို့က အတည်ပြုပြီး လွတ်လပ်စွာစီမံခန့်ခွဲနိုင်မှု (Autonomous Authority) ရှိနေသည်ကလည်း တစ်ပန်းသာနေပါသည်။

**၂။ အထက်ပါ နှစ်ဖွဲ့တို့ဆက်ဆံရေးသည် နိုင်ငံအဆင့် စီးပွားရေးတိုးတက်မှုအတွက် လိုအပ်နေသည့်အကြောင်းများ**

(၂-က) **လူ့စွမ်းအား ဖွံ့ဖြိုးခြင်း။** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် အလုပ်အကိုင်လုပ်အား လိုအပ်ချက်အရ ရှိနေသော လူ့စွမ်းအားအရင်းအမြစ်အပေါ် မူတည်သည်။ တက္ကသိုလ်ပညာနှင့် စက်မှု၊ စီးပွား လိုအပ်ချက်များကို ကိုက်ညီအောင် လေ့ကျင့်၊ သင်ကြားပေးနိုင်လျှင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာသည်။

(၂-ခ) **ဖန်တီးမှုအခြေပြု စီးပွားရေးတိုးတက်မှု။** တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းပူးပေါင်းမှုက ခေတ်မီနည်းပညာများ၊ စွမ်းအင်၊ ထုတ်ကုန်အသစ်များ ဖန်တီးနိုင်စေသည်။ ဤအရာက နိုင်ငံအချင်းချင်း၏ ပြိုင်ဆိုင်နိုင်မှု တိုးတက်စေနိုင်ပါသည်။

(၂-ဂ) **စီးပွားရေး လုပ်ငန်းအသစ်များ ဖန်တီးခြင်း။** တက္ကသိုလ်-စက်မှု၊ စီးပွားလုပ်ငန်း ပူးပေါင်းမှုများမှ ကနဦးပျိုးထောင်မှု၊ စတင်တီထွင်ဖန်တီးသောနေရာ စသည်တို့ဖြစ်လာနိုင်ပြီး နိုင်ငံအတွက် အလုပ်အကိုင်အသစ်များ ဖန်တီးနိုင်သည်။

(၂-ဃ) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မှု တိုးတက်ခြင်း။** ပညာတတ်၊ ပညာရှင်၊ ကျွမ်းကျင်သူ အလုပ်သမားများနှင့် သုတေသနစွမ်းရည်ရှိသော နိုင်ငံများတွင် နိုင်ငံခြားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံလိုကြသည်။ ထို့ကြောင့် ပညာရေးနှင့် စက်မှုခိုင်မာမှုသည် စီးပွားရေးစနစ်တစ်ခုလုံးကို မြှင့်တင်ပေးနိုင်ပါသည်။

(၂-င) **တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု။** နှစ်ဦးနှစ်ဖက်အတူ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးမွေးမြူရေး၊ စွမ်းအင်သုံးစွဲမှု စသည့် အမျိုးအစားဆိုင်ရာ ပြဿနာများစွာကို ဖြေရှင်းပေးနိုင်ပါသည်။

**စာရေးသူ၏ အတွေးတစ်စ**

ဤစနစ်များက မိမိနိုင်ငံအတွင်း လုပ်ငန်းလိုအပ်ချက် (Demand) နှင့် တက္ကသိုလ်က မွေးထုတ်ပေးသည့် ကျောင်းသား ကျောင်းသူ အရေအတွက်/ဘာသာရပ်မကိုက်ညီမှုကို ရှာဖွေ၊ ဖော်ထုတ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများကိုလည်း ဒါရေး၊ အလွတ်ကျက်၊ ဒါဖြေ (Rote Learning and Memorizing) ကို လျှော့ချပြီး အတွေးအခေါ်ကို ဦးစားပေးသော သင်ကြား၊ သင်ယူခြင်းစနစ်များ တိုးတက်လာနိုင်ခြင်း၊ တချို့ဘာသာရပ်များ၏ ဘွဲ့ရများ နှစ်စဉ်လိုအပ်သည်ထက် ပိုမိုထုတ်လုပ်ပေးနေခြင်းကို လျှော့ချပေးခြင်းဖြင့် မိဘများ၊ နိုင်ငံတော်၊ တက္ကသိုလ်များ၏ ဘတ်ဂျက်၊ ငွေကြေးများကို အကျိုးရှိစွာ အသုံးပြုနိုင်ပါလိမ့်မည်။ ။

## ကျောက်ဆည်မြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေး



**ကျောက်ဆည် နိုဝင်ဘာ ၁**

ကျောက်ဆည်မြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနက အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်း၌ ယမန်နေ့က ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေးသည်။

ကျန်းမာရေး အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေး ကုသရေးဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ကာကွယ်ခြင်းနည်းလမ်းများအကြောင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့် ကျန်းမာရေး အသိပညာများ ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူ ၇၁ ဦးအား မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက တိုင်းရင်းဆေးဖြင့် အခမဲ့ စစ်ဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**

## မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း နိုဝင်ဘာ ၁**

မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု ဝမ်ကော်လုံးကျေးရွာ၌ ယမန်နေ့က အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ လူငယ်ရေးရာနှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

**စိုင်းအောင်ဇော်လင်း**

## လျှပ်စစ်ဓာတ်အားချွေတာရေး နည်းလမ်းများ

- ❄ ရုံးချိန်အတွင်း အလင်းရောက်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှုလျှော့ချရန်။
- ❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။
- ❄ ရုံးပြန်ချိန်တွင် မလိုအပ်သော လျှပ်စစ်မီးသုံးစွဲမှုများ ရှိ/မရှိ သေချာစစ်ဆေးရန်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၅ ခုနှစ် (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ကျင်းပသည်။

ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများနှင့် ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်လှည်းယဉ်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲကို နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များက အကြိတ်အနယ် စတင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲတွင် လာရောက်ဖျော်ဖြေတင်ဆက်သည့် တပ်ကုန်းမြို့နယ် ရွှေသံစဉ် ဆင်အကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် လှည်းယဉ် ၂၈ စီးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ သန့်ရှင်းသာယာ လှပစေရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆန်နှင့် စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ နေပြည်တော်တစ်ဝန်းပတ်ဝန်းကျင်သန့်ရှင်းရေးသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျန်ရှိသည့် မြို့နယ်များတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေ့နေ့တိုင်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



မွန်းလွဲပိုင်းတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်များ အတွင်း မန္တလေးလျှောင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လမ်းပိုင်းများအား နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ Total Station ကိရိယာဖြင့် တိုင်းတာနေမှုများ၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တိုးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် လမ်းဘေး မြေယာရှုခင်းသန့်ရှင်းသာယာရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးစေရန်နှင့် ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ်ဧည့်ရိပ်သာ RC ခြောက်ထပ်အဆောက်အအုံသစ်ဖွင့်

**ဘားအံ နိုဝင်ဘာ ၁**

ကရင်ပြည်နယ်ကိုလာရောက်ကြမည့် နိုင်ငံတော်အဆင့်အကြီးအကဲများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ အဆင်ပြေစွာတည်းခိုနိုင်ရန် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၀၆၀ ဒသမ ၆၂၁ သန်းအကုန်အကျခံ၍ အဆောက်အအုံအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကရင်ပြည်နယ်ဧည့်ရိပ်သာ RC ခြောက်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့် စိန်ပန်းနီလမ်းထောင့်ရှိ အဆိုပါ အဆောက်အအုံသစ်တည်နေရာ၌ ကျင်းပသည်။



ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်ပေးခဲ့သော ကရင်ပြည်နယ်ဧည့်ရိပ်သာအဆောက်အအုံ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီအလိုက် သက်ဆိုင်ရာဌာနများက စနစ်တကျထိန်းသိမ်းစောင့်ရှောက်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်သူက အဆောက်အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ အဆောက်အအုံနှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူး ထံလွှဲပြောင်းပေးအပ်၍ အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် ခတ်ပုံကားချပ်ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကရင်ပြည်နယ်ဧည့်ရိပ်သာအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဧည့်ရိပ်သာနဖူးစည်းစာတန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံအတွင်းရှိ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကာ အဆိုပါအဆောက်အအုံအတွင်းရှိ အစည်းအဝေးခန်းမ၊ ထမင်းစားခန်း၊ နားနေခန်း၊ VVIP ၊ VIP အိပ်ခန်းများအပါအဝင် စုစုပေါင်းအိပ်ခန်း ၂၉ ခန်း၊ ဓာတ်လှေကား၊ လေအေးပေးစက်၊ ရေပူရေအေးစနစ်၊ Audio Conferencing Sound System ၊ Internet ၊ CCTV ၊ 400 KVA Transformer ၊ Back Up Generatorနှင့်မီးဘေးကာကွယ်ရေးစနစ်များ၊ ဝန်ထမ်းများနေထိုင်ရန် နှစ်ခန်းတွဲ သုံးထပ်အဆောက်အအုံနှစ်လုံး၊ အခြားဧည့်သည်များ တည်းခိုရန် Staff Housing အဆောက်အအုံနှစ်လုံး၊ မီးဖိုဆောင် တစ်လုံး၊ ထမင်းစားဆောင်တစ်လုံး၊ ကွန်ကရစ်လမ်း၊ Car Parking ၊ လုံခြုံရေးဂိတ်နှင့် ဘန်ကာလေးလုံးတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျောက်တံတားမြို့နယ်၌ ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မူကြိုကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးစစ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က အမှတ်(၃)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်ဝန်းနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မူကြိုရင်သွေးငယ်များအား အာဟာရဖြစ်စေမည့် မုန့်နှင့်နို့ဘူးများအား ကျွေးမွေးပြီးနောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာမေသီတာနှင့်အဖွဲ့က မူကြိုရင်သွေးငယ်များအား သွားနှင့်ခံတွင်းကျန်းမာရေးကို စစ်ဆေးရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကူညီပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း နိုဝင်ဘာ ၁**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ၁၀ မိုင် ကျေးရွာအုပ်စု ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးနှင့် တာဝန်ရှိသူများသည် ရပ်/ကျေး မြေပြင်ကော်မတီ (working group)အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေး စာရေး၊ ရွာတာဝန်ခံများနှင့် တွေ့ဆုံ၍ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမကျန်ရှိစေရေးအတွက် အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ လာရောက် ဆောင်ရွက်နိုင်ရေး၊ အိမ်ထောင်စုအလိုက် လူမရှိသူများ၊ ခရီးလွန်နေသူများစာရင်းနှင့် ခရီးမှ ပြန်လည်ရောက်ရှိလာသူများအား မှတ်တမ်းထားပေးပို့နိုင်ရေးနှင့် အသက်(၇၅)အထက် စာရင်းများ တိုက်ဆိုင်စိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲ ပြည်သူ့ရင်ပြင်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် MSMEs စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူလူထုအနေဖြင့် စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေမှုကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို စျေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရေး၊ ထုတ်လုပ်ပြသ ရောင်းချသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းသောယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့နိုင်သည့် အမယ်သစ်အရည်အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ဖြစ်ပေါ်စေပြီး MSME လုပ်ငန်းများမှာလည်း ပြည်တွင်း၌ပင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်စေရေးတို့ကိုပါ ရည်မျှော်ရေးရှုလျက် စီမံဆောင်ရွက်ထားရှိသည့် ယခုပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြရန် ပြောကြားသည်။

ထို့နောက် တန်ဆောင်တိုင်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီးစီးပွားရေးရာ ဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရင်ရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက စျေးဆိုင်ခန်းများနှင့်နေရောင်ခြည်စွမ်းအင်သုံး ထုတ်ကုန်ပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**



ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကြီးကို ယနေ့မှ နိုဝင်ဘာ ၄ ရက်အထိ လေးရက်တိုင်တိုင် နေ့စဉ်နံနက် ၈နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး စျေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေး အတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၆၃၀ ကျော် ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို သိရှိနိုင်စေရန် Talk show အစီအစဉ်များပါဝင်ပြီး ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားလျက်ရှိသည့် အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားကာ တန်ဆောင်တိုင်ပွဲတော်ရက်တွင် မြတ်စွာဘုရားကို အလှမီးများနှင့်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် အဖိတ်နေ့များတွင် မီးပုံးပျံလွှတ်တင်မည့် အစီအစဉ်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ပွဲတော်လာပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် အလှူရှင်များက စတုဒိသာထမင်းများကျွေးမွေးကာ သွားလာရေး အဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ကားများလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ဇော်မင်းလတ်-MNA**

# မန္တလေးငလျင်ကြီးကြောင့် အောင်မြေသာစံမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သောနေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကထောက်ပံ့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေး တိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့်လုံးဝပျက်စီးခဲ့သည့် နေအိမ်များနှင့် တိုက်ခံအိမ်များအတွက် ဆောက်လုပ်ရေး သုံးပစ္စည်းများ၊ လူသေဆုံးသူများ၏ မိသားစုဝင်များအတွက် ထောက်ပံ့ငွေ ပေးအပ်လျက်ရှိသည်။



အောင်မြေသာစံမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ အိမ်ရာများ၊ နေအိမ်အဆောက်အအုံများ၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်နေအိမ်များအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီဘုရားဝင်း နိုင်လွန်မဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခြင်း၊ လူ့အသက်များဆုံးရှုံးခြင်း၊ ဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယနေ့အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေအိမ်များပျက်စီးခဲ့ရသည့် ပြည်သူများ နေအိမ်များ ပြန်လည်တည်ဆောက်ပြုပြင်နိုင်ရေးအတွက် နေအိမ်အမျိုးအစားအလိုက် ပျက်စီးမှုအလိုက် (လုံးဝ၊ တစ်စိတ်တစ်ပိုင်း) ခွဲခြားပြီး အိမ်တစ်လုံးချင်းစီအတွက်သတ်မှတ်ထားသည့် ထောက်ပံ့နှုန်းထားအတိုင်းငွေသား၊ အိမ်ဆောက်ပစ္စည်းတို့ဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားပြီး အဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငလျင်ဒဏ်ခံအဆောက်အအုံများအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို အတိအကျလိုက်နာပြီး တည်ဆောက်သွားရန် လိုအပ်ပါကြောင်းနှင့်ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို ပြည်သူများအားပေးအပ်ရာ အောင်မြေသာစံမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံလုံးဝပျက်စီးသည့် နေအိမ်အလုံး ၅၇ဝ အတွက် ကျပ်သိန်း ၁၈၆၂၄၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ် ၁၄၁၂ လုံး အတွက် ကျပ် ၁၈၄၈၀၆ ဒသမ ၄၁၆ သိန်း၊ ဘိလပ်မြေအိတ် ၉၇၄၀၊ သံချောင်းလုံး ၉၉၆ ဒသမ ၂၁ တန်၊ အမိုးသွပ်အချပ် ၃၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများအား အားပေးစကားများပြောကြား၍ ထောက်ပံ့ပေးသည့်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

နိုဝင်ဘာ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၌ နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး/ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူ



**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက်ကြီး သုံးတိုက်မှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ကျောင်းတိုက်ငါးကျောင်းမှ သီလရှင်ဆရာကြီး/ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပသည်။

လှူဒါန်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ၊ မုံရွာမြို့ပေါ်မှ MSME၊ ဟိုတယ်/တည်းခိုရိပ်သာ၊ မော်တော်ယာဉ်ယယ် အသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့်ဝတ္ထုငွေများ လောင်းလှူခဲ့ကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်ရေးအတွက် မုံရွာမြို့ ကျောက္ကာလမ်းမှ မြို့ပတ်လမ်းအထိ ရထားသံလမ်းတစ်လျှောက် မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀၀ ကျော်ဖြင့် စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများမှဝန်ထမ်းများကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများက မုံရွာတက္ကသိုလ်မှပြည်ထောင်စုလမ်းအထိ အရှည်ပေ ၂၂၀၀၀ ရှိ ကျောက္ကာလမ်းမကြီး လမ်းဘေးဝဲ/ယာ နေအိမ်နှင့်ဈေးဆိုင်များရှေ့တွင် မြို့အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်ကာ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကွန်ကရစ်ခင်းခြင်း၊ ပလက်ဖောင်း ကပ်တုံးများပြုလုပ်ခြင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လောကမာရဇိန် ဘုရားကြီး၏ (၁၁၃)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်စည်ကားများပြား



**ထားဝယ် နိုဝင်ဘာ ၁**

(၁၁၃)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ပူဇော်ခံထားရှိသည့် ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးဝင်းအတွင်း၌ ယနေ့ညနေပိုင်းတွင် ရဟန်းရှင်လူပြည်သူများ အေးချမ်းစွာဖြင့် လာရောက် ဘုရားဖူးမြော်လျက်ရှိသည်။

ထားဝယ်မြို့ ဘုရားကြီးဂေါပကအဖွဲ့မှကြီးမှူး၍ ရပ်ကွက်ပေါင်းစုံပါဝင်သောထားဝယ်ဒေသ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကာလအတွင်း ဘုရားဖူးလာပြည်သူများ၊ ဈေးဆိုင်များ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ထားဝယ်ရိုးရာနှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲသည်ဒေသတွင်း အထင်ရှားဆုံးပွဲတော်တစ်ခုဖြစ်၍ ထားဝယ်ဒေသခံများ နှစ်စဉ်ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များအား ရွှေတောင်စားစေတီ ဘုရားကြီးဝင်းအတွင်း ယာယီဂန္ဓကုဋီအဆောင်တော်၌ ကိန်းဝပ်စံပယ်ထားရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများစည်ကားလျက်ရှိသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစ၍ ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း(၁၁၃) နှစ်တိုင်တိုင်ကျင်းပလာခြင်းဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၆ နာရီမှ စတင်၍ (၁၁၃)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ လှည့်လည် ပူဇော်ပွဲကြီးကို ဘုရားကြီးဝင်းအတွင်းမှ ထားဝယ်မြို့အတွင်းသို့ စည်ကားသိုက်မြိုက်စွာ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံမည်ဖြစ်သည်။

ထိုသို့ဘုရားလှည့်လည်ပူဇော်ခံရာမြို့တွင်းရှိ လမ်းတစ်လျှောက်တွင် ပါဝင်ကုသိုလ်ယူကြမည့် ဒေသခံပြည်သူလူထုနှင့် ဥပါသကာများအား ရေးအစဉ်အလာအတိုင်း မည်သူမဆို ဧည့်ခံကျွေးမွေး လှူဒါန်းနိုင်သည်။

နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များအား ရဟန်းရှင်လူပြည်သူများ ကြည်ညိုပူဇော်ကန်တော့ရန်အတွက် နိုဝင်ဘာ ၄ ရက်အထိ ဘုရားကြီးဝင်းအတွင်း ယာယီစံ ကျောင်းတော်ဖြင့် ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**


■ *ကျောဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၁၁-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၁၁-၂၀၂၅ ရက်နေ့မှ ၅-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




● *ကျောဖုံးမှ*

ပထမဆုံးအကြိမ် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ကိုဗင်ထရီအသင်းသည် ချန်ပီယံရှစ် ၁၃ ပွဲကစားပြီး အသင်းတိုက်စစ်က သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူထားနိုင်ပြီး တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အဆုံးသတ်သေချာသည့် ဝရက်ဇ်ဟမ်အသင်းက နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဝရက်ဇ်ဟမ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့် နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ကိုဗင်ထရီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယနေရာမှ မစ်ဒယ်ဘရော့အသင်းထက် တစ်ပွဲပိုကစားပြီး သုံးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

ဝရက်ဇ်ဟမ်အသင်းအတွက် သွင်းဂိုးများကို မော်ရီတစ်ဦးတည်းက သွင်းယူပေးပြီး ပြိုင်ဘက်ကိုဗင်ထရီအသင်းအတွက် သွင်းဂိုးများကို မေဆင်ကလာ့ခ်နှင့် ဆာကာမိုတိုတို့က သွင်းယူပေးခဲ့သည်။ လာမည့်ပွဲစဉ်တွင် ဝရက်ဇ်ဟမ်အသင်းက ပို့စ်မောက်အသင်းနှင့် နိုဝင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကိုဗင်ထရီအသင်းက ရက်ဖီးလ်အသင်းနှင့် နိုဝင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁**

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်အရှင်သူမြတ်များထံမှ သီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၃၇ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပါဝင်သော ပဒေသာပင် ၁၉ ခုကို လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၅၄၈ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၆၂ ခုကို လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၇၈ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၃ ခုကို လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၃၅၃ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၃၂ ခုကို လည်းကောင်း သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

ကျောင်းသား ကျောင်းသူများ သင်ကြားနိုင်ရေးနှင့် စာသင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အဆင်ပြေချောမွေ့စွာ ပညာ ကျောင်းများ ဥပမိရပ်ကောင်းမွန်



စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့ရှိဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများနှင့် ဌာနဆိုင်ရာရုံးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂)ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂) ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ဖ၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ် ဆက်လက်လက်ခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ သီပေါမြို့၌ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၀၂ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၄၇၀ အထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၉ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၂၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ပြီး တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။ အဆိုပါဆေးရုံကြီး၌ ယနေ့တွင် ပြင်ပလူနာ ၈၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ ၁၀ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ဖူးစားပြောင်း ၇၄၈ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၁**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၄၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန် တောင်သူများက ဆက်လက်ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးခြင်းကို ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၄၈ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လျာထားချက် စိုက်ဧကပြည့်မီစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ဒီနှစ် ပွင့်ဖြူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် ဆောင်ရွက်သွားမှာပါ။ ဒီနေ့ထိ ဖူးစားပြောင်း ၇၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းသီးနှံ အောင်မြင်ဖြစ်ထွန်းစေဖို့၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းများ ကောင်းမွန်စေဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေမှန်မျိုးမှန် စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာသင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ တောင်သူပညာပေးကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရေဘုတ် - တောယား - ဘောဘုံကင်းဘတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးသိန်းထွန်းဦး တို့က ကွင်းဆင်းစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးလှခိုင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**



❍ *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်၍ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ကျောက်မဲခရိုင် ကုသရေးဦးစီးဌာနအနေဖြင့် ကျောက်မဲမြို့ "လာဘမုနိ" တရုတ်ဘုံကျောင်း၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ (ယာယီ) ဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ တိုင်းရင်းသားပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ လူနာ ၃၃၈၅ ဦးအား လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ လုပ်ငန်း(ယာယီ) ရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်တိုက်နယ် ဆေးရုံကို ၂၀၂၅ ခုနှစ် အောက်တိုဘာ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ထားရှိပြီး ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာန ခြောက်ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမ ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲ မြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်း ရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက်(၁၅)နှစ်အောက်ကလေး များအား အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေး ခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အသက် ၁၅ နှစ်အောက် စုစုပေါင်း ၃၇၂၃ ဦးအား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံ တိုက်ကျွေးပေးခဲ့ကြောင်းသိရသည်။



**သတင်းစဉ်**

*ကျောဖုံးမှ

| | |
|---|---|
| တောင်ငူဘူတာ – (၀၉–၈၈၀၉၄၂၆၀၄) | ပျဉ်းမနားဘူတာ – (၀၉–၈၈၀၉၄၂၆၀၁) |
| နေပြည်တော်ဘူတာ – (၀၉–၈၈၀၉၄၂၆၀၂) | တပ်ကုန်းဘူတာ – (၀၉–၈၈၀၉၄၂၆၁၃) |
| ပျော်ဘွယ်ဘူတာ – (၀၉–၈၈၀၉၄၂၆၀၇) | သာစည်ဘူတာ – (၀၉–၈၈၀၉၄၂၆၁၀) |
| ကျောက်ဆည်ဘူတာ– (၀၉–၈၈၀၉၄၂၆၁၁) | မန္တလေးဘူတာ – (၀၉–၈၈၀၉၄၂၆၁၂) |

၂။ ခရီးသွားမည့်သူက အထက်ပါသက်ဆိုင်ရာ တယ်လီဖုန်းအမှတ်သို့ ဖုန်းအဆက်အသွယ်ရရှိသည့်အခါ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက အောက်ပါအချက်အလက်များကိုမေးမြန်း၍ မှတ်တမ်းတင်ထားရှိပါမည်–

(က) ခရီးသွားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ခ) ရထားစီးနင်းလိုက်ပါလိုသည့် နေ့ရက်၊ ခရီးစဉ်၊ ရထားအမှတ်နှင့် တွဲအတန်းအစား။

၃။ ထို့နောက် ခရီးသွားမည့်နေ့ရက်မတိုင်မီ (၃)ရက်အလိုတွင် အဆိုပါဖုန်းနံပါတ်သို့ ထပ်မံဖုန်းဆက်သွယ်ရပါမည်။ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက ခရီးသွားမည့်သူ၏ ခရီးစဉ်အတိုင်း ထိုင်ခုံနေရာ လစ်လပ်မှုရှိပါက ခရီးသွားမည့်သူထံသို့ Viber မှတစ်ဆင့် လက်မှတ်ကျသင့်ငွေပမာဏနှင့် MMQR Code အား ပေးပို့ပါမည်။ ခရီးသွားမည့်သူက မည်သည့် Online Payment အမျိုးအစားနှင့်မဆို MMQR ဖြင့် ငွေပေးချေနိုင်ပြီး မီးရထားဝန်ထမ်းနှင့် ဆက်သွယ်မှုပြုလုပ်ပြီးသည်မှ (၁) နာရီအတွင်း ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို Screenshot ပြုလုပ်၍ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်း၏ အထက်ပါ သက်ဆိုင်ရာ ဖုန်း/ Viber အမှတ်သို့ ပြန်လည်ပေးပို့ရပါမည်။ မီးရထားဝန်ထမ်းက ငွေပေးသွင်းပြီးကြောင်း အထောက်အထားရရှိပါက ခရီးသွားမည့်သူ၏ထံသို့ စီးနင်းလိုက်ပါရမည့် ခရီးစဉ်အတိုင်း တွဲ/ထိုင်ခုံနံပါတ်တို့အား ပြန်လည် ပေးပို့ပါမည်။ ခရီးသွားမည့်သူသည် သက်ဆိုင်ရာ ရထားစီးနင်းမည့်ဘူတာသို့ ရထားမထွက်ခွာမီ (၁)နာရီအလို ကြိုတင်လာရောက်၍ ဘူတာလက်မှတ်ရုံ၌ ငွေပေးသွင်းပြီးကြောင်း အထောက်အထားပြသ၍ ရထားလက်မှတ်အား တောင်းခံထုတ်ယူရပါမည်။

၄။ ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များအား ပိုမိုအဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ကြစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်များအား Online မှ ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP ) စနစ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း အဆိုပါစနစ်အား ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးနေသော လူစီးရထားများအတွက် ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်ခအပိုကြေးပေးရခြင်း၊ လက်မှတ်မှောင်ခိုဝယ်ယူရခြင်းများ ကြုံတွေ့ရပါကလည်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်–

| | | |
|---|---|---|
| (က) | အထွေထွေမန်နေဂျာ(စီးပွားရေး) | ၀၉–၈၉၁၇၅၀၀၀၈ |
| ( ခ) | ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉–၈၉၁၇၅၀၁၃၆ |
| ( ဂ) | လက်ထောက်အထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉– ၈၉၁၇၅၀၁၃၉ |
| (ဃ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉–၈၉၁၇၅၀၀၂၁ |
| ( င) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉–၈၉၁၇၅၀၀၂၀ |
| ( စ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉–၈၉၁၇၅၀၀၁၉ |
| (ဆ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉–၈၉၁၇၅၀၁၀၁ |
| ( ဇ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၄) သာစည် | ၀၉– ၈၉၁၇၅၀၁၀၃ |
| (ဈ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉– ၈၉၁၇၅၀၁၀၅ |
| (ည) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၆) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၇ |
| ( ဋ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၉ |

## အကျဉ်းသားများ အရေးပေါ်ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ် ငါးသိန်းနှင့်အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသောခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁**

ကလေးအကျဉ်းထောင်၌ အကျဉ်းသားများ အရေးပေါ် ဆေးကုသလိုလျှင် အနည်းဆုံး ငွေကျပ်ငါးသိန်းနှင့်အထက် ထောင်အာဏာပိုင်များထံ လာဘ်ထိုးရသည်ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၄ ရက်က မဟုတ်မမှန် လုပ်ကြံသတင်း ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာတွင် ကလေးအကျဉ်းထောင်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို မည်သည့်အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် ငွေကြေးတစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်မှုမရှိစေရန် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ခံအရာရှိတို့က အမြဲကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ဆရာဝန်၊ ကျန်းမာရေးမှူး(၁)၊ သူနာပြု သုံးဦးတို့က နေ့စဉ် အိပ်ဆောင်/တိုက်ခန်းများအလိုက် Mobile Team စနစ်ဖြင့် လှည့်လည်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကယ်၍ ပြင်ပဆေးရုံသို့ တင်ပို့ကုသရန်လိုအပ်ပါက အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများက တာဝန်ခံအရာရှိထံတင်ပြပြီး ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးအကျဉ်းထောင်၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ နေ့ချင်းပြန် သွားရောက်ပြသရသည့် အကျဉ်းသား ၁၀၆ ဦး၊ အကျဉ်းသူ ၉၇ ဦး၊ စုစုပေါင်း ၂၀၃ ဦးနှင့် ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသရသည့် အကျဉ်းသား ၄၂ ဦး၊ အကျဉ်းသူ ရှစ်ဦး၊ အချုပ်သားငါးဦး၊ ပေါင်း ၅၅ ဦးရှိကြောင်း သိရသည်။

ထို့ပြင် Khit Thit Media က ရေးသားဖော်ပြထားသကဲ့သို့ ကလေးအကျဉ်းထောင်၌ အာရုံကြောဆိုင်ရာ ရောဂါများကြောင့် ခြေထောက်များ လှုပ်မရသည့်အတွက် မသန်စွမ်းဖြစ်သွားသော အကျဉ်းသား/အချုပ်သား တစ်ဦးတစ်ယောက်မျှမရှိဘဲ အကျဉ်းထောင်ရှိ မသန်စွမ်းအကျဉ်းသား လေးဦး(ယာဘက်ဒူးဆစ်အောက်မှ ဖြတ်ထားသူ နှစ်ဦး၊ ယာဘက်လက်တံတောင်ဆစ်မှ ဖြတ်ထားသူ တစ်ဦး၊ ယာဘက်မျက်လုံးမမြင်သူတစ်ဦး)တို့သည်လည်း ၎င်းတို့ ပြင်ပ၌ နေထိုင်စဉ်ကတည်းက ရရှိခဲ့သော ဒဏ်ရာများသာဖြစ်ကြောင်း။

နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ကလေးအကျဉ်းထောင်မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များသည် တာဝန်ခံအရာရှိ၏ ခွင့်ပြုချက်ရရှိမှသာ ဌာနပြင်ပသွားလာခွင့်ရှိပါကြောင်း၊ မည်သည့် KTV ဆိုင်မှ ဖွင့်လှစ်ခြင်းမရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသားဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းရေးသားဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ မ––––၊ ၂၈/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Dora(@ dod 45703 cby)အကောင့်မှ တရုတ်ချစ်သူလုပ်၍ရကြောင်း၊ မြန်မာနိုင်ငံတွင် ငွေချေပေးမည်၊ အဆင်ပြေပါက ယွမ် ၂၀၀၀၀ ပေးမည်၊ တရုတ်နိုင်ငံတွင် နေထိုင်ရမည်ဖြစ်ကြောင်း ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေ အကောင့်ပိုင်ရှင် မေသက်ပိုင်က အပြင်မှာတွေ့ဆုံလို၍ မန္တလေးမြို့ ၇၄ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ လက်ဖက်ရည်ဆိုင်သို့ လာရောက်ရန် ချိန်းဆိုသဖြင့် သွားရောက်ခဲ့ရာ မေသက်ပိုင် စေလွှတ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ မျိုးမျိုးသော်ထွန်းက ရောက်ရှိလာပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးမည့် တရုတ်နိုင်ငံ ရွှေလီမြို့နေ နန်းဆိုင်လင်းဝမ် (ခ) မနန်းဆိုသူထံ ဓာတ်ပုံနှင့် ဗီဒီယိုပို့ပေးရန် လိုအပ်သည်ဟု ပြောဆို၍ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ယူခဲ့သည်။

ယင်းနောက် လမ်းစရိတ်ငွေကျပ် ၂၀၀၀၀ ပေးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်း(ပ) ၃၈/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ မျိုးမျိုးသော်ထွန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မေသက်ပိုင်နှင့် နန်းဆိုင်လင်းဝမ်(ခ)မနန်းတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၁-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဗွေးကောက်ပွဲတေးသံချို (ရတနာပိုင်)
- **၀၉:၁၅** ကာတွန်းအစီအစဉ် **'ချစ်စရာ သိုးငယ်လေး'** (အပိုင်း-၂၆)
- **၀၉:၅၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၁၀** ပဲပေါင်း(မဟာ)
- **၁၀:၁၅** 'မြို့မြို့ဆိုင်ဆိုင် လတန်းဆောင်တိုင်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၃:၁၀** အသိပညာနှင့်အမှန်တရား
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာ့ရုပ်ရှင် **'ချစ်သူငယ်ချင်း'**
- **၁၆:၁၅** 'နေ့ချင်းပေးသောမဲ' ဇာတ်လမ်းတွဲအစီအစဉ် (အပိုင်း-၁+၂)
- **၁၇:၀၅** နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်၏ပြည်သူ့အကျိုးပြုစာစီစဉ် (၂၀၂၅ခုနှစ်အောက်တိုဘာလ)(ဒုတိယပိုင်း)
- **၁၇:၄၀** 'ရွှေချယ်ဇာတ်ပါဝင်' (ဇော်ဦး၊ နေရဲ၊ ခင်မိုမိုအေး)(ဒါရိုက်တာ-အောင်နေဝင်း)
- **၁၇:၄၅** အငြိမ်မျိုးနဲ့ အမွှေးမတွေ့နဲ့ (တင်ဦးလေး၊ စိမ်းလိုပိုင်)
- **၁၈:၃၀** ၂၀၂၅ခုနှစ်၊ မဂဓဝိသယ ရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်မှုတော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်
- **၁၉:၀၀** ၂၀၂၅ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒုလေးပါတီ)
- **၁၉:၂၅** ၂၀၂၅ခုနှစ်၊ မဂဓဝိသယ ရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်မှုတော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အစီအစဉ်
- **၁၉:၅၀** မိုရှည်(John ဝေယျာထူး၊ သရုပ်ဆောင်-နေထွေး၊ခိုင်သင်းဦး)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ
- **၂၁:၂၅** ဆေးကျောင်းစုံရုပ်ရှင် 'အချစ်နဲ့အကောင်းအတိုင်းဖြစ်စေမည်'

**mitv**

- **07:01** Evergreen Classic: Sein Lae Kan Thar
- **07:08** Smiling Buddha
- **07:33** Tech Digest
- **07:43** Myanmar Traditional Thatched Roofs: IN-LEAF
- **08:01** News
- **08:27** National Museum(Yangon) (Ep-4)
- **09:01** Tazaungmone (Ep-1)
- **09:26** Today Myanmar
- **09:37** Pauk Thit Basketry Village
- **09:56** New Destination for Sea Lovers
- **10:01** News

**Me**

- **၀၆:၀၀** အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
- **၀၆:၂၀** တိုင်းရင်းသားတေးသီချင်း၊ အက(ကချင်)
- **၀၆:၅၀** မြန်မာသံစဉ်တေးများ
- **၀၇:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝဲဘီဝဲတဲ့ပါ'** (အပိုင်း-၃)
- **၀၇:၅၅** ဝတ္ထုတိုရုပ်တေးများ
- **၀၈:၂၀** ဇာတ်သဘင် 'ပွဲညရဲ့ဇာတ်ခုံ' (အပိုင်း-၅)
- **၀၉:၄၅** ချစ်စရာအရွယ်ကလေးကြမယ်
- **၁၀:၁၅** မြန်မာရုပ်ရှင်(ဆေးကျောင်းစုံ) 'သရဖူ'

**MRTV NRC**

- **ဝဏ္ဏကရင် (၀၆:၀၀ မှ ၀၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၂)
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဝလွန်ပြည်တော်မြန်ဘုရား
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဖိုင်းပြီးရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ
- **ချင်း(လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
- **ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ပေါ်ဗီတောင်
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** ကြက်ဟင်းခါးသီးအစွမ်း
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** သျှစ်သောင်းပုထိုးတော်ကြီး
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** တာချီလိတ်ရာပိုင်ရေမှုလက်ရာ (ရှမ်းရိုးရာ ငါးပေါင်းအစားအစာ)
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** ပျော်ရွှင်စရာနေ့ရက်လေးများ
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားရိုးရာဝတ်စုံချောင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၈:၄၅** Next Level
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၀:၄၅** စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'အစွရေးနိုင်ငံ'**
- **၁၀:၀၀** ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို **'ရေအဆုံးကျွန်းတစ်ဝက်'**
- **၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အာဝရိကနိုင်ငံ'** (အပိုင်း-၂)
- **၁၀:၄၅** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၅)
- **၁၉:၀၀** နိုင်ငံရေးပါတီများ၏ဟောပြောချက်များ

**MRTV FARMERS HD**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၅** ဝက်ယူဝင်ငွေကြွားတို့လယ်သမား
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၂** A visit to Wambugu Apples Farmer in Kilimambogo p-2
- **၁၈:၃၅** When Food becomes scarce high-tech farms of the Future
- **၁၉:၃၀** ငှိရင်ထဲကလိပ်ပြာ
- **၂၁:၃၀** Hocus Pocus 2-2022 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Weekly Sports Info
- **၀၇:၄၅** Weekend News
- **၁၇:၀၀** အားကစားသတင်း
- **၂၁:၀၀** Grandslam League (Elite Class) WEEKEND WARRIORS Vs BURPINOY

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၇)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် မိုးညှင်းမြို့နယ် မန္တလေး-မြစ်ကြီးနားကားလမ်းအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၂၇ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်တို့ရှိ ဂိုဒေါင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၁၂၈၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၆၆၈၀၀၀ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် ဒိုက်ဦးမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၀ ဒသမ ၈၂၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၄၀၃၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်နှင့် ၂၇ ရက်တို့တွင် မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၃၀ ရက် တွင် သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၇၃၅၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်း များအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၃၅၆၀၀ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မော်လမြိုင် မြို့ ကြာအင်းကျေးရွာရှိ အအေးခန်းဂိုဒေါင် တစ်လုံးနှင့် မြိုင်သာယာ တိုးချဲ့ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၆၃၆၃၄၀၀)ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်များအား ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၆၅၃၆၃၄၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် တို့တွင် ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာ၌ တရားမဝင်သစ်မာ ၀ ဒသမ ၄၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၇၈၄)ကို သစ်တော ဥပဒေအရလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ငါးစီးနှင့်



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၇၂၀၇၈၄ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ပုသိမ်မြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှရန်ကုန် မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၂ မျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန် ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၂၁၃၁၀၇၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Zwe Myint Myat Tun ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေး စခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ ရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၁၅၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၂၈၄၅၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့် လှစ်ထားရှိသည်။

အောက်တိုဘာ ၂၂ ရက်၊ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၅၂၉၈၆၃၈၈ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်း မှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း များနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက် နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူငယ်များကြား၌ ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှု အန္တရာယ်မြင့်တက်လာကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီ သတိပေး

**လန်ဒန် နိုဝင်ဘာ ၁**

ကလေးသူငယ်များနှင့် လူငယ်များ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားများတွင် ဦးနှောက်အမြှေးရောင်ရောဂါနှင့် သွေးဆိပ်တက်ခြင်းဖြစ်ပွားမှု မြင့်မားလာသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု ဗြိတိန်ကျန်းမာရေးအေဂျင်စီက အောက်တိုဘာ ၃၀ ရက်က သတိပေးခဲ့သည်။

ဗြိတိန်ကျန်းမာရေး လုံခြုံရေးအေဂျင်စီ၏ စာရင်းဇယားများအရ ၂၀၂၄ - ၂၀၂၅ ခုနှစ်အတွင်း ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှုအရေအတွက်သည် ၃၇၈ ဦး အထိရှိပြီး ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၃၄၀ တိုးလာကြောင်း သိရသည်။ ရောဂါဖြစ်ပွားမှုအများစုသည် ကလေးများနှင့် လူငယ်လူရွယ်များ၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဦးနှောက်အမြှေးရောင် MenB မျိုးကွဲသည် ကလေးငယ်များ၌ ၉၀ ရာခိုင်နှုန်းနှင့် အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ်များတွင်လည်း အဖြစ်များကြောင်း စာရင်းဇယားများအရ သိရသည်။

တက္ကသိုလ်ပညာသင်ရန် ကျောင်းတက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေထိုင်ရခြင်းနှင့် အတူတကွနေထိုင်ရခြင်းတို့ကြောင့် ဦးနှောက် အမြှေးရောင်ရောဂါဖြစ်ပွားမှု မြင့်မားသည့် အုပ်စုထဲတွင်ပါဝင်နေကြောင်း ကျန်းမာရေးအရာရှိများက သတိပေးပြောကြားခဲ့သည်။

နို့စို့အရွယ်ကလေးများနှင့် ဆယ်ကျော်သက် အရွယ်များ၌ ကာကွယ်ဆေးထိုးနှံမှုနှုန်း ကျဆင်းလာခြင်းကလည်း အဆိုပါအန္တရာယ်ကိုပိုမိုမြင့်တက်လာစေသည်။ ရောဂါလက္ခဏာများမှာ အဖျားကြီးခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ လည်ပင်းတောင့်ခြင်း၊ အလင်းဒဏ်မခံနိုင်ခြင်းနှင့် အရေပြားတွင် အဖုအပိမ့်ထွက်ခြင်းတို့ဖြစ်သည်။

ပြင်းထန်သော ရောဂါအခြေအနေများနှင့် သေဆုံးခြင်းတို့မှ ကာကွယ်ရန် ကာကွယ်ဆေးထိုးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ **ဆင်ဟွာ**

# တောင်ဆူဒန်နိုင်ငံ၌ ရေဘေးသင့်မှုများကြောင့် လူသားချင်းစာနာမှုအခြေအနေများ ပိုမိုဆိုးရွားလာ

**ဂျူဘား နိုဝင်ဘာ ၁**

တောင်ဆူဒန် နိုင်ငံတစ်ဝန်း ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် လူပေါင်း တစ်သန်းကျော် ဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ အေဂျင်စီက ပြောသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) ကလည်း အောက်တိုဘာ ၃၀ ရက်အထိ ဒေသ ၁၈ ခုမှ လူပေါင်း ၃၅၅၀၀၀ နီးပါးမှာ ဘေးလွတ်ရာ တိမ်းရှောင်ခဲ့ကြရကြောင်း အောက်တိုဘာ ၃၀ ရက်က ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး နောက်ဆုံး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုကြောင့် နေအိမ်များ၊ လယ်ယာမြေများနှင့် အရေးကြီး အဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်များကြောင့် ပဋိပက္ခများ၊ စားရေရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသော တောင်ဆူဒန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားသွားစေခဲ့သည်။

အစီရင်ခံစာများအရ အသက်ငါးနှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့်အတူ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ အဆုတ်ရောင်နှင့် ကာလဝမ်းရောဂါ ဖြစ်ပွားမှုများ မြင့်တက်လာနေကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရတ်နိုင်ငံတစ်ဝန်း အမျိုးသားအဆင့် အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများစတင်

**ဘဂ္ဂဒက် နိုဝင်ဘာ ၁**



အီရတ်လျှပ်စစ်ဝန်ကြီး ဇီယက်ဒ် အလီဖာဒဲလ်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဓာတ်အားလိုင်းထဲသို့ ပေါင်းစပ်ထည့်သွင်းရန်နှင့် တိုင်းပြည်၏ ကာလရှည်လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို လျှော့ချပေးနိုင်ရန် ရည်ရွယ်ကာ ပြည်နယ်အားလုံးတွင် အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ကို အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတွင် မဂ္ဂါဝပ်အများအပြားထွက်ရှိသော စီမံကိန်းများပါဝင်ပြီး ၎င်းတို့အနက် ၁၀၀၀ မဂ္ဂါဝပ်ရှိသော ရှမ်အယ်လ်-ဘက်ဆရာစက်ရုံ၊ ဆော်ဒီအာရေဗျနိုင်ငံ ACWA Power မှ ဦးဆောင်မည့် Dhi Qar ပြည်နယ် ရှိ မဂ္ဂါဝပ် ၄၅၀ စက်ရုံတစ်ရုံနှင့် နာဂျာဖ်မြို့ရှိ ၁၀၀၀ မဂ္ဂါဝပ်စက်ရုံကို စတင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်အီရတ်သတင်းအေဂျင်စီက ဖာဒဲလ်၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

ဘေဘီလုံနှင့် ကာဘာလာမြို့တို့တွင် နောက်ထပ်စီမံကိန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ နီနင်ဗေးမြို့ (၅၀၀ မဂ္ဂါဝပ်)၊ အန်ဘာမြို့ (၄၀၀ မဂ္ဂါဝပ်) နှင့် ဆလာဟွတ်ဒင် ပြည်နယ်ရှိ ဘာလတ်မြို့တို့တွင်လည်း စက်ရုံအသစ်များ တည်ဆောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အီရတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်နောက်ပိုင်း လျှပ်စစ်ဓာတ်အား ဆိုးရွားစွာ ပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အပြင် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများမှာလည်း နိုင်ငံရေး မတည်ငြိမ်မှုများနှင့် လုံခြုံရေး ခြိမ်းခြောက်မှုများကြောင့် အနှောင့်အယှက် အဟန့်အတားများစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ** ■

# ကမ္ဘောဒီးယားနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပြီး သံသယရှိသူ ၂၁၈၀၀ ကို ပထမ ၁၀ လအတွင်း ဖမ်းဆီး

**ဖနောင်ပင် နိုဝင်ဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ပထမ ၁၀ လအတွင်း အမှုပေါင်း ၈၃၉၁ မှုတွင် နိုင်ငံခြားသား ၇၄၂ ဦးအပါအဝင် မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပြီး သံသယရှိသူ စုစုပေါင်း ၂၁၈၀၀ အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနက နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

သံသယရှိသူများ၏ ၄၈ ရာခိုင်နှုန်းခန့်မှာ မူးယစ်ဆေးဝါးမှောင်ခိုကူးသူ၊ မူးယစ်ဆေးဝါးထုတ်လုပ်သူ၊ မူးယစ်ဆေးဝါး လက်ဝယ်ပိုင်ဆိုင်သူနှင့် မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်သူများဖြစ်ပြီး ၅၂ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ သံသယရှိသူများထံမှ ဆေးခြောက် ၅၁၆ ကီလိုဂရမ်၊ ဆေးခြောက်ပင် ၁၂၁၂ ပင်နှင့် တရားမဝင်မူးယစ်ဆေးဝါးစုစုပေါင်း ၅ ဒသမ ၄၈ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါး မှောင်ခိုကူးခြင်းကို သေဒဏ်ချမှတ်ခြင်းမရှိပေ။ သို့သော်လည်း ၎င်း၏ဥပဒေအရ တရားမဝင်မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် မှောင်ခိုကူးသည်ဟု ပြစ်မှုထင်ရှားလျှင် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ကင်ညာနိုင်ငံအနောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရွှံ့မြေပြိုမှုဖြစ်ပွားသဖြင့် ၁၃ ဦးထက်မနည်းသေဆုံး

**နိုင်ရိုဘီ နိုဝင်ဘာ ၁**

ကင်ညာနိုင်ငံအနောက်ပိုင်း အယ်လ်ဂျီယိုမာရာကွခ်ဒေသရှိ ကျေးရွာများ၌ နိုဝင်ဘာ ၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရွှံ့မြေပြိုကျမှုဖြစ်ပွားသဖြင့် ၁၃ ဦးထက်မနည်းသေဆုံးပြီး အများအပြားပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ပြောကြားသည်။

အန်ဒို၊ ဆမ်ဘာရီရာနှင့် အမ်ဘိုဘတ်ဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရွှံ့မြေများပြိုကျမှုဖြစ်ပွားသဖြင့် နေအိမ်များပျက်စီးခြင်း၊ သစ်ပင်များလဲကျခြင်းနှင့် လမ်းပိတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်ထဲရေးနှင့် အမျိုးသားအုပ်ချုပ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုအချိန်အထိ သေဆုံးသူ ၁၃ ဦးအား ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ခက်ခဲသည့်အခြေအနေတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း၊ ထို့ပြင် အသက်ရှင်ကျန်သူ ၁၉ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိသူများမှာ ဒေသဆိုင်ရာဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နှင့် တာလီဘန်တို့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပိုမိုပြုလုပ်ရန် သဘောတူ

**ကဘူးလ် နိုဝင်ဘာ ၁**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အစိုးရတို့သည် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် နယ်စပ်တိုက်ပွဲများအပြီးတွင် ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးကာလကို ဆက်လက်တိုးမြှင့်ရန်သဘောတူခဲ့ကြသည်။ တူကီယဲနှင့် ကာတာနိုင်ငံတို့၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် အဆိုပါသဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

လာမည့်ကြာသပတေးနေ့တွင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် အစ္စတန်ဘူလ်မြို့၌ နောက်တစ်ကြိမ်ဆွေးနွေးမှုပြုလုပ်သွားမည်ဟု တူကီယဲနိုင်ငံက ပြောသည်။ တာလီဘန်တို့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်ကလည်း အလားတူ အကြောင်းအရာများပါဝင်သည့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နှင့် တာလီဘန်တပ်ဖွဲ့ဝင်များကြား တိုက်ခိုက်မှုများဖြစ်ပွားပြီး ရက်အနည်းငယ်အကြာတွင် အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၁၉ ရက်တွင် ချက်ချင်းအပစ်အခတ်ရပ်စဲရေးကို နှစ်ဖက်စလုံးက သဘောတူခဲ့သည်။

သို့သော်လည်း အဓိကတောင်းဆိုချက်များနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက သဘောတူညီချက်မရခဲ့သည့်အတွက် ယခုသီတင်းပတ်အစောပိုင်းကပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုမှာမူ ပျက်ပြားခဲ့ရသည်။ ပါကစ္စတန်ဘက်က တာလီဘန်များကို အကြမ်းဖက်သမားများအား ထိရောက်စွာအရေးယူပေးရန် တောင်းဆိုခဲ့သည်။

တာလီဘန်တို့ကလည်း ၎င်းတို့၏လေပိုင်နက်ချိုးဖောက်ခံရမှုကို ရပ်တန့်ပေးရန် ပါကစ္စတန်တို့အား တောင်းဆိုခဲ့သည်။ လာမည့်အစည်းအဝေးသည် ကွာဟချက်များဖြေရှင်းပေးနိုင်ပြီး တင်းမာမှုများကို ဖြေရှင်းပေးနိုင်ခြင်း ရှိ မရှိ မသေချာသေးချေ။ **အင်န်အိတ်ချ်ကေ**

## မြစ်သားမြို့နယ်၌ ၂၀၂၅ ခုနှစ် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ



**မြစ်သား နိုဝင်ဘာ ၁**

မြစ်သားမြို့နယ်၌ မြို့နယ်အတွင်းမှ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြစ်သားမြို့ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။

၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ အမျိုးသားနေ့ကို ဂုဏ်ပြုဖို့ ဗလငါးတန်နှင့် ပြည့်စုံစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် အမျိုးသားနေ့၏ အားမာန် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြပြီး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် အမျိုးသားနေ့ တည်တံ့ဖို့ တိုင်းရင်းသား အားလုံးစည်းလုံးစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဘက်စုံပညာရေးဆီ တစ်မျိုးသားလုံးလှမ်းလို့ချီ စသည့်ခေါင်းစဉ်များဖြင့် လည်းကောင်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရန်အတွက် မြို့နယ်ပညာရေးမှူးက ဦးဆောင်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ကြီးကြပ်၍ တာဝန်ကျဆရာ၊ ဆရာမများက စောင့်ကြပ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ကျိုက်ထိုမြို့နယ်၌ သမဝါယမအသင်းလီမိတက်များမှ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ရိတ်သိမ်းနေမှုအခြေအနေများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို နိုဝင်ဘာ ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ သမဝါယမအသင်းလီမိတက်များမှ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ရိတ်သိမ်းနေမှုအခြေအနေများကို အောက်တိုဘာ ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများက ကျိုက်ပိကျေးရွာစုမြတ် လယ်/ထွေသမဝါယမအသင်းလီမိတက်နှင့် ဖက္ကလိပ်ကျေးရွာ ပွင့်သစ်ဝေ လယ်/ထွေသမဝါယမအသင်းလီမိတက်များမှ မိုးစပါး စိုက်ပျိုးထားရှိမှုများနှင့် မိုးစပါးစတင်ရိတ်သိမ်းခြွေလှေ့နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မီမီတင်ငွေက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## မိုင်းခတ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များ အခမဲ့ငှားရမ်း

**မိုင်းခတ် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များအသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မိုင်းခတ်မြို့ အမှတ်(၂) ရပ်ကွက်ရှိ စာဖတ်ပရိသတ်များထံ စာအုပ်များ ငှားရမ်းခဲ့ကြောင်း သိရသည်။

ထိုသို့ငှားရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဝန်ထမ်းများက Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

### ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် ဖော်ပြပါရှိခဲ့သည့် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ထေရုပ္ပတ္တိ၌ ဘဝနတ်ထံပျံလွန်တော်မူခြင်းစာပိုဒ်တွင် ပါဝင်သည့် **“၂၃-၁၀-၂၀၂၅ ရက် (သောကြာနေ့)”** (အစား) **“၃၁-၁၀-၂၀၂၅ ရက်နေ့ (သောကြာနေ့)”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## လားရှိုးမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**လားရှိုး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရန်အတွက် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းအတွက် သင်တန်းသား သင်တန်းသူများလက်ဝယ်သို့ ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ Body Scrub၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ဆပ်ပြာခရင်၊ ပရုပ်ဆီ၊ လျှော်မွေးဆီ၊ မှန်ကြည်ဆေး၊ Hand Spray စသည့် လူသုံးကုန်ထုတ်လုပ်နည်းများကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းရန်ပုံငွေများ ပေးအပ်

**ဘိုကလေး နိုဝင်ဘာ ၁**

ကိုရီးယားနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာန (CCC)နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စွမ်းအားမြှင့်မီးဖိုစီမံကိန်း ရန်ပုံငွေအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာဖြစ်သည့် ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု တယ်ပင်(၃) ကျေးရွာ၌ စီမံကိန်းမှထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဇော်ဝင်းလှိုင်က ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ညီညီထွန်းက စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရန်ပုံငွေများအား သက်ဆိုင်ရာကဏ္ဍအလိုက် အကျိုးရှိရှိထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် လမ်းညွှန်ချက်များ၊ ကျေးရွာသစ်(ဆယ်မားအူး) စိတ်ဓာတ်(၃)ရပ်ကို အခြေခံ၍ အားလုံးပါဝင်ဆောင်ရွက်ရန် မှာကြားဆွေးနွေးခဲ့ပြီး ရွာသူရွာသားများအား ရန်ပုံငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း (ခ) နန်းလုံခမ်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



"တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း (ခေါ်) နန်းလုံခမ်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံမည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီအကြောင်း မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြပါရစေရှင်။ ၂၀၁၀ ခုနှစ်၊ မတ်လ (၂၄ – ၂၅) ရက်တို့တွင် ပအိုဝ်းအမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့ရာ အဆိုပါညီလာခံကို ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ခေါင်းဆောင်များ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)မှ ခေါင်းဆောင်များ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များ၊ ဦးခွန်ချစ်မောင် ဦးဆောင်သော(ရလလဖ)အဖွဲ့မှ ခေါင်းဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများမှ ခေါင်းဆောင်များ၊ ပအိုဝ်းလူမှုအဖွဲ့ အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ လူထုကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အစရှိသည့် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတို့တွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးကိုယ်စားပြုပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံနိုင်ရန် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ"ကို ဖွဲ့စည်းတည်ထောင်သွားရန် တက်ရောက်လာသူ ညီလာခံ ကိုယ်စားလှယ်အားလုံးတို့က သဘောတူညီခဲ့ကြသဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ"ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများရှင် – ပအိုဝ်းတိုင်းရင်းသားနှင့်အတူနေ ညီနောင်တိုင်းရင်းသား မိဘပြည်သူတို့၏ တစ်ခဲနက် အားပေးဝန်းရံထောက်ခံခဲ့မှုတို့ကြောင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးလုံး ရွေးကောက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးကောက်ခံခဲ့ရပါတယ်ရှင်။ ထိုသို့ ရွေးကောက်ခံခဲ့ကြရသဖြင့် လွှတ်တော်အသီးသီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်တို့သည် နိုင်ငံတော်နှင့် မိဘပြည်သူတို့၏ အကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ပေးခဲ့ကြပါတယ်ရှင်။

ရွေးကောက်ပွဲအသီးသီးတို့တွင် အနိုင်ရရှိခဲ့သော ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် "လူမှုစီးပွားဘဝ မြင့်မားဖို့ နဂါးကို မဲပေးစို့" ဟူသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်၊ "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကို မဲပေးကြစို့"ဟူသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်နှင့် "လူမှုစီးပွား တိုးတက်ဖို့ 'နဂါး' မဲကို ထည့်ကြစို့"ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်တို့အတိုင်း နိုင်ငံတော်နှင့် မိဘပြည်သူလူထုတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို ရှေးရှုကာ NCA ပြဋ္ဌာန်းချက်တို့နှင့်အညီ "ပအိုဝ်း"လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဦးစီးဦးဆောင်ကျင်းပခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတို့တွင် အလေးထား ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေတို့ ပြဋ္ဌာန်းလာနိုင်စေရန် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုတို့၏ လိုအပ်ချက်တို့ကို သိရှိဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူငယ်နှင့် အမျိုးသမီးစွမ်းရည် မြှင့်တင်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မိဘပြည်သူတို့အတွက် အချိန်နှင့်အမျှ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် အဆိုများ တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြ မေးခွန်းများကို တင်ပြမေးမြန်းခြင်း၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေသည့် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုသည့် အားကစားလှုပ်ရှားမှုတို့ကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် မိဘပြည်သူများအား ပံ့ပိုးကူညီပေးခြင်း၊ လူငယ်ကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ပပျောက်ရေး အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း အစရှိသည့် မိဘပြည်သူအကျိုးပြုလုပ်ငန်းများကို လွှတ်တော်များမှတစ်ဆင့်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအသီးသီးတို့နှင့် လက်တွဲဆောင်ရွက်၍သော်လည်းကောင်း၊ ဒေသခံမိဘပြည်သူလူထုတို့နှင့် ညှိနှိုင်းပေါင်းစပ်၍သော်လည်းကောင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းနှင့် မိဘပြည်သူလူထု အကျိုးပြုလုပ်ငန်းတို့ကို ကျွန်မတို့ပါတီက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် – ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထုကြားမှ ပေါက်ဖွားလာသော ပါတီတစ်ရပ်ဖြစ်သဖြင့် မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ပါတီ၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များအဖြစ် အလေးအနက်ခံယူကာ အဆိုပါ မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် အစဉ်တစိုက် နည်းလမ်းကောင်းများကိုရှာဖွေပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ လက်ရှိကာလတွင် မိဘပြည်သူလူထုတို့အတွက် အဓိကလိုအပ်နေသည့် လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ပင် ဖြစ်ကြောင်းကို သိမြင်တွေ့ရှိရပါတယ်ရှင်။ ဒေသတည်ငြိမ်အေးချမ်းပါမှ မိဘပြည်သူလူထုတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများ အားလုံးအတွက် အသက်တမျှ အရေးကြီးနေသော အရေးကိစ္စပင် ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ရာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့" ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်အတိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းကို မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ အဆိုပါ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားနိုင်ရန် လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အတွက် ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ်ပေါင်း ၂၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံသွားမှာဖြစ်ပါကြောင်း မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးတို့သည် နိုင်ငံ့ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ ပြည့်ဝကြပြီး စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကာ အားလုံးနီးပါးတို့သည် ပညာရပ်အသီးသီးတို့၌ တတ်မြောက်ဘွဲ့ရကြသူများ ဖြစ်ကြပါတယ်ရှင်။ မျိုးဆက်သစ်လူငယ်နှင့် အမျိုးသမီးတို့ ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် အသက် ၄၀ အောက် လူငယ် ၅၉% နှင့် အမျိုးသမီး ၂၀% ပါဝင်ပါကြောင်းကိုလည်း မဲဆန္ဒရှင်မိဘပြည်သူတို့အား လေးစားစွာ အသိပေးတင်ပြအပ်ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် – ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ အလေးထား ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင် –

(၁) ဒေသငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထား ဆောင်ရွက်သွားမည်။

(၂) လူမျိုးဘာသာမရွေး လူသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်။



(၃) ပြည်သူလူထု လုံခြုံမှုရှိရေး၊ ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွား မြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်။

(၄) လူငယ်များ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြင့် နည်းပညာကို အခြေခံသော စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ပအိုဝ်းလူမျိုးနှင့် အတူနေ ညီနောင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များနှင့် အခွင့်အရေးများအားလုံးကို အလေးထား ကာကွယ်စောင့်ရှောက်မြှင့်တင်သွားမည်။

(၇) ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့် လျော်ညီသည့် ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များရရှိအောင် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်သွားမည်။

(၈) အထူးဒေသ(၆)အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းရေးအတွက် စည်းရုံးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားမည်။

(၉) အထူးဒေသ(၆)နှင့် ပအိုဝ်းလူမျိုးများ နေထိုင်ရာဒေသ ပေါ်လွင်ထင်ရှားမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်တို့ပဲ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် မိဘပြည်သူလူထုတို့က ရွေးကောက်တင်မြှောက်စေလွှတ်ပါက မိဘပြည်သူလူထုတို့ကိုယ်စား နိုင်ငံ့ရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့ကို မိဘပြည်သူတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီကို မိဘပြည်သူလူထုတို့က အားပေးဝန်းရံ ဆန္ဒမဲပေးကြလိမ့်မည်ဟုလည်း ကျွန်မတို့ပါတီက မိဘပြည်သူလူထုတို့ကို အပြည့်အဝ ယုံကြည်အားကိုးပါကြောင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် မိဘပြည်သူတစ်ဦးချင်းစီတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ရှင်။ ကြည့်ရှုနားဆင်ခဲ့ကြသည့် မိဘပြည်သူလူထုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

"တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

**ပါတီ၏ သီချင်းစာသား (ဘာသာပြန်)**

**တိုင်းပြုပြည်ပြုရတနာ**

- အနက်ရောင် ရိုးရာဝတ်စုံကို ပအိုဝ်းဇာတိဓလေ့ထုံးတမ်းတို့နှင့်အညီ ဆင်မြန်းကြလို့ကွယ်၊
- ပအိုဝ်းစကားကိုလည်း ပြောဆိုကြလို့ကွယ်၊ ပအိုဝ်းစာကိုလည်း သင်ယူတတ်မြောက်ကြပါပေတယ်၊
- မျိုးချစ်စိတ်အပြည့်နဲ့ အမျိုးသားအရေးတို့ကို အလေးထား ဦးဆောင်ဦးရွက်တာဝန်ထမ်းကြပါပေတယ်၊
- ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ တွဲလက်ကိုမဖြုတ်ဘဲ အမျိုးသားတာဝန်ကို ကိုယ်စီထမ်းရွက်ကြပါပေတယ်၊
- တိုးတက်မြင့်မားရာကို ထွန်းပေါက်ရောက်ရှိဖို့ရာ စိတ်မှာ အောင်အဓိဋ္ဌာန်ထားရှိပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း ပအိုဝ်းဖြစ်ရ ဤဘဝ တခဏဝယ် "ပအိုဝ်းရတနာ"လို့ ခေါ်တွင်ထိုက်စေရမယ်၊ မင်းမျိုးဝိဇ္ဇာ နဂါးမျိုးနွယ်တို့ "ပအိုဝ်းရတနာ"တွေပဲကွယ်၊
- တို့တစ်တွေ နေထိုင်တဲ့ဒေသဟာ သတင်းမွှေးပျံ့နေတဲ့ သာယာသောတိုင်းပြည် ဖြစ်နေစေဖို့ပါ၊
- ရာသီဥတု မျှတပြီး စိုက်ပျိုးရေးလုပ်ငန်း အသီးအပွင့်များ ဖြစ်ထွန်းကာ အသက်မွေးဝမ်းကျောင်း စီးပွားရေးအောင်မြင်ထွန်းကားပြီး ကျန်းမာရေးကောင်းမွန်တဲ့ တို့ရေမြေမှာ သာသနာလည်း ထွန်းကားလို့ တည်ငြိမ်အေးချမ်းတာမို့ တို့ရတနာ တိုင်းပြည်မှာ အိုးစည်ဗုံမောင်းသံသာတွေ ဟီးထပ်နေလို့ပါပဲကွယ်၊
- "မင်းကောင်း"လို့ ကျော်ကြားနေတဲ့ "နဂါး" အမှတ်တံဆိပ်ကို တို့ရင်ထဲစွဲမြဲတာမို့ "နဂါး"ကို တို့တစ်တွေအားလုံး မဲပေးကြပါစို့၊
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ လူထုအကျိုးကို ဦးဆောင်သယ်ပိုးတဲ့ အဖွဲ့ပါ၊
- ရွေးကောက်ပွဲဟာ ပြန်လည်ရောက်ရှိလာပြီမို့ ဒီတစ်ကြိမ်လည်း တို့အခွင့်အရေးတွေ မဆုံးရှုံးရအောင်ကွယ်၊ ကံ(စေတနာ)ကောင်းခြင်း၊ ကံ(စေတနာ)မြင့်မားခြင်းတို့နှင့်အတူ မင်းမျိုးညီနောင် တို့ပအိုဝ်း တိုင်းပြုပြည်ပြုရတနာတွေ အရွေးကောက်ခံထိုက်ပါပေတယ်ကွယ်။

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁၆-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | – | ကောင်းမွန် | |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းသည် တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အတွင်း သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၁ ရက်က ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးသည် ညောင်ရွှေမြို့နယ်အတွင်းရှိ နဒီကန်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သောင်တူးစက်ဖြင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များ မှာကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးသည် နဒီကန်နှင့် သာစည်ကန် ဆက်သွယ်သည့်မြောင်း သဲနုန်းတူးဖော်နေမှု၊ သာစည်ကန်အတွင်း သဲနုန်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးသည် ညောင်ရွှေငါးလုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

## စဥ့်ကိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**စဥ့်ကိုင် နိုဝင်ဘာ ၁**

စဥ့်ကိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး



အသိပညာပေးဟောပြောပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်က သင်္ဂတုံကျေးရွာ ဘဝအလင်းသစ်စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အန္တရာယ်ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ ရှောင်ရန်ဆောင်ရန်များနှင့် ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။ **ကျော်စွာ(စဥ့်ကိုင်)**

## သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲနှင့် ဆောင်းနှံကြာအတွက် မျိုးစေ့ပေးအပ်

**အမရပူရ နိုဝင်ဘာ ၁**

အမရပူရမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းရောင်းချပွဲနှင့် ဆောင်းနှံကြာ စိုက်ကေပြည့်မီရေး မျိုးစေ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက်က နတ်ရေကန်ကျေးရွာအုပ်စုရှိ ရှေ့တန်းစခန်း ၃ ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးတို့က တက်ရောက်လာသော တောင်သူများကို ဆောင်းသီးနှံနှံကြာမျိုးစေ့များ ပေးအပ်ခဲ့ကြသည်။ ဆက်လက်ပြီး မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် တောင်သူများ လိုအပ်သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **စိုးသီဟ(အမရ)**

## စစ်ကိုင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် မဲပေးနည်းလက်တွေ့သရုပ်ပြ



**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မဲပေးနည်းလက်တွေ့ပြသခြင်းကို ယမန်နေ့နံနက်ပိုင်းက စည်းခုံကြီးဘုရားရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲအရာရှိက မဲပေးစက်အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ မဲပေးနိုင်ရေး ပြည်သူများသိရှိနားလည်စေရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်သူများအား မဲပေးပုံနည်းစနစ်ကို လက်တွေ့ဆောင်ရွက်ကြသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မြောင်းမြ နိုဝင်ဘာ ၁**

မြောင်းမြမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက်က အထက(၂) ရေတွင်းရေကန်ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က အမှာစကားပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် စာရေးဆရာက ကိုယ်တိုင်ရေးဖြစ်သည့် နမ့်မော်မြေက သံယောဇဉ်စာအုပ်နှင့် စာရေးဆရာမဇင် (ရန်ကုန်တက္ကသိုလ်) ရေးသားသည့် ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ



စာအုပ်တို့ကို ကျောင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

**ဇေယျာ(မြောင်းမြ)**

## ပုလောမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ရှင်းလင်းပြသ



**ပုလော နိုဝင်ဘာ ၁**

ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ရှင်းလင်းပြသခြင်း၊ စက်ကိုင်တွယ်အသုံးပြုနည်း အသိပညာပေး လက်တွေ့သရုပ်ပြမှုကို အောက်တိုဘာ ၃၀ ရက်က အထက(မလိ) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်လွင်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်၊ မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်သည့် ဆက်စပ်ပစ္စည်းများ၊ မဲပေးစက်များကို ကိုင်တွယ်အသုံးပြုခြင်း၊ စမ်းသပ်မဲပေးခြင်း၊ မဲရလဒ်ရေတွက်ပုံနှင့် နည်းဥပဒေပါအတိုင်း မဲရလဒ် စာရင်းပြုစုပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ **ပုလော(ပြန်/ဆက်)**

## ကရသူရိမြို့၌ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲများ ကျင်းပ

**ကရသူရိ နိုဝင်ဘာ ၁**

ကရသူရိမြို့၌ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲများကို အောက်တိုဘာ ၂၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပရာ ပုံပြောခြင်း၊ ကာယစွမ်းရည်နှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**



## ပူတာအိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပူတာအို နိုဝင်ဘာ ၁**

ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဌာနပိုင်လယ် မတ်ပန်ကွင်းအတွင်း မိုးစပါး ဆင်းကေရီ-၃ မျိုးစေ့ထုတ်စိုက်ခင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး အဆိုပါစိုက်ကွက်ကို စံကွက်ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း အစိုအထွက်တင်း ၁၀၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**



## ကိုကိုးကျွန်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ကိုကိုးကျွန်း နိုဝင်ဘာ ၁**

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Women Club အဖွဲ့ စာရေးဆရာ ဒေါက်တာမတင်ဝင်း၏ လွတ်လပ်ပေါ့ပါးသောစိတ်ရှိပါစေ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်သူက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ဒုတိယဦးစီးမှူးနှင့် WomenClub အဖွဲ့ဝင်များက အဆိုပါစာအုပ်မှ ကျေးဇူးတင်တတ်တဲ့အလေ့အကျင့် ခေါင်းစဉ်နှင့် စိတ်အဆာခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ဗိုလ်ချုပ်လမ်းသွယ်အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ပခုက္ကူ နိုဝင်ဘာ ၁**

ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ်အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါဗိုလ်ချုပ်လမ်းသွယ်အုတ်ရေမြောင်းမှာ အရှည် ၇၈၅ ပေ၊ အကျယ် လေးပေနှင့် ဒုလေးပေရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၁၇၀၀ ဖြင့် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆေးကုသပေးမှုများဆောင်ရွက်



**အထက်မင်းလှ နိုဝင်ဘာ ၁**

မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို အောက်တိုဘာ ၂၉ ရက်က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ ဝီရအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)

## ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေး



**ကံမ နိုဝင်ဘာ ၁**

ကံမမြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးဟန်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေး ဆရာမများက ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၂၉ ရက်က အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ပင်စင်စား အငြိမ်းစားဝန်ထမ်းများအား ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

## စေတုတ္တရာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**စေတုတ္တရာ နိုဝင်ဘာ ၁**

စေတုတ္တရာမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် ရဟန်းသံဃာများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ ၂၄၀ တို့အား ကိုယ်အပူချိန်တိုင်းပေးခြင်းနှင့် သွေးပေါင်ချိန်တိုင်းပေးခြင်းတို့ကို ဆောင်ရွက်



ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဇာဇာငြိမ်း(ပြန်/ဆက်)

## မြဝတီမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ နိုဝင်ဘာ ၁**

မြဝတီမြို့၌ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၃၀ ရက်က အခြေခံ




ပညာ အထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံ၌ ကျင်းပသည်။ ဦးစွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြား သည်။

ဆက်လက်၍ မြဝတီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့်လူကုန်ကူးမှု အန္တရာယ်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ **ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

## ကျိုက်လတ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျိုက်လတ် နိုဝင်ဘာ ၁**

ကျိုက်လတ်မြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာနက လူငယ်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက်က လှည်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်နိုးသူက လမ်းလျှောက်ခြင်းနှင့် အားကစားပြုလုပ်ခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ လူငယ်နှင့် အားကစား၊ အားကစားနှင့်လေ့ကျင့်ခန်း၏ အဓိပ္ပာယ်၊ အားကစားအမျိုးအစားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ တက်ရောက်နိုင်ရန် လူငယ်တစ်ဦးတွင် ပြည့်စုံရမည့် အချက်အလက်များအကြောင်းကို



ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား လေ့ကျင့်ခန်းများ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ်၌ ပလတ်စတစ်အမှိုက် အန္တရာယ်အကြောင်း အသိပညာပေး

**လမ်းမတော် နိုဝင်ဘာ ၁**

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ပလတ်စတစ်အမှိုက်အန္တရာယ် အကြောင်း အသိပညာပေးဆွေးနွေးပွဲကို လမ်းမတော်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လင်းယုလှိုင်ဝင်းက Talk Show ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က ပလတ်စတစ်အမှိုက်များ၏ ဂေဟစနစ်ကို ပျက်စီးစေသည့်အကြောင်းအရာများ၊ ရေထုညစ်ညမ်းမှုကြောင့် အဏ္ဏဝါ ဂေဟစနစ်ကိုပျက်စီးစေပုံ၊ မြေဆီလွှာညစ်ညမ်းမှုမှတစ်ဆင့် ကုန်းနေသတ္တဝါများ ပျက်စီးမှုများ၊ လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးဆိုးကျိုးဆက်စပ်မှုများ၊ ပလတ်စတစ်အမှိုက်ကို ထိန်းချုပ်ရမည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ် ရှစ်မျက်နှာစေတီတော်မြတ်ကြီး၌ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပမည်

**သုံးခွ နိုဝင်ဘာ ၁**

သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက် မြို့မဈေးအနီးရှိ ရှစ်မျက်နှာစေတီတော်မြတ်ကြီး၌ အကြိမ်(၄၀)မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၃ ရက် ည ၇ နာရီတွင် စေတီတော်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲတွင် စင်တော်လေးစင်ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ မသိုးရွှေကြာသင်္ကန်းများကို ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စိန်ဘုရား၊ မြဘုရား၊ ပတ္တမြားဘုရားများ၊ ဂြိုဟ်ပြေနံပြေဘုရားများအား ဆက်ကပ်လှူဒါန်းပူဇော်ပြီး သံဃာတော်များက ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပူဇော်မည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၇ နာရီတွင် စေတီတော်ရှေ့မှ မြို့မဈေးတစ်ပတ် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။

စည်သူလင်း(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**မြန်အောင် နိုဝင်ဘာ ၁**

မြန်အောင်မြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများ မိတ်ဆက်ပွဲကို အောက်တိုဘာ ၃၀ ရက်က မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေး ဆွေးနွေးပြောကြားသည်။

ဝင်းမိုလ်(ပြန်/ဆက်)



ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မျိုးသိန်းဓမ္မာရုံနှင့် (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည်ဓမ္မာရုံတို့၌ အောက်တိုဘာ ၂၉ ရက်က မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့်အဖွဲ့က အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် ပျောက်ဆုံး၊ ပျက်စီးမိတ္တူထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ၌ ပင်လယ်ပျော် ငှက်မျိုးစိတ် ၂၄ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံ၌ လက်ရှိကာလထိ ပင်လယ်ပျော်ငှက်မျိုးစိတ် ၂၄ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ငှက်များကို လေ့လာသုတေသနပြုလုပ်နေသူ ပညာရှင်တစ်ဦးထံမှ သိရသည်။

ပင်လယ်ငှက်မျိုးစိတ်များကို မြန်မာနိုင်ငံ၌ မုတ္တမပင်လယ်ကွေ့၊ ရခိုင်ပြည်နယ်ရှိ နံ့သာကျွန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ တနင်္သာရီကမ်းရိုးတန်း ပင်လယ်ကမ်းခြေတို့တွင် တွေ့ရှိရပြီး အထူးသဖြင့် ဆောင်းရာသီတွင် လာရောက်နေထိုင်ကျက်စားကြကြောင်း၊ မျိုးရင်းအားဖြင့် FREGATIDAE: Frigatebirds၊ SULIDAE:Boobies၊ STERNIDAE:Noddies & terns၊ LARIDAE:Gulls & allies ဟူ၍ လေးမျိုးရှိကြောင်း၊ အဆိုပါမျိုးရင်းလေးမျိုးတွင် ငှက်အမည်အားဖြင့် Great Frigatebird မျိုးစိတ်တစ်မျိုး၊ Masked Booby မျိုးစိတ် သုံးမျိုး၊ Tern ငှက်အုပ်စုဝင်များအားလုံး ၁၅ မျိုး၊ Gull အုပ်စုဝင်ငှက်များအားလုံး ငါးမျိုး စုစုပေါင်း ငှက်မျိုးစိတ် ၂၄ မျိုးကို မြန်မာနိုင်ငံရှိ ပင်လယ်ငှက်မျိုးစိတ်များအဖြစ် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Frigatidae နှင့် Sulidae ငှက်မျိုးရင်းတို့သည် မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းနှင့် ဝေးကွာသော ပင်လယ်ပြင်တွင် နေထိုင်ကျက်စားကြသည်ကို တွေ့ရသော်လည်း Sternidae နှင့် Laridae တို့သည် ဆောင်းရာသီတွင် မြန်မာနိုင်ငံ၏ ရေချိုကန်များနှင့် မြစ်များတွင် လာရောက်နေထိုင် ကျက်စားကြသည်ဟု ဆိုသည်။

ပင်လယ်ပျော်ငှက် (ခေါ်) ပင်လယ်ငှက် ဆိုသည်မှာ ၎င်းတို့ဘဝအစိတ်အပိုင်းအချို့ကို ပင်လယ်ပြင်တွင် ကုန်လွန်နေထိုင်ကျက်စားကြပြီး ကမ္ဘာပေါ်တွင် ပင်လယ်ကို အမှီပြုနေထိုင်ကျက်စားသော ငှက်အုပ်စု လေးမျိုးရှိကာ ၎င်းတို့မှာ ပင်ဂွင်းငှက်မျိုးစိတ် ၁၈ မျိုး၊ ပက်ထရယ်လ်ငှက်အုပ်စု (Albrotrosses,Petrels နှင့် Shearwaters)၊ ငှက်ကြီးဝန်ပိုငှက်အုပ်စု (Bobbies,Gannet နှင့် တင်ကျီး)၊



စင်ရော်ငှက်အုပ်စုတို့ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပင်လယ်ငှက်များနေထိုင်ကျက်စားရာ အရေးကြီးသည့်နေရာ ၃၀၀၀ ကျော်ရှိပြီး ပင်လယ်ငှက်မျိုးစိတ်ပေါင်း ၃၂၀ ကျော်ရှိကြောင်း မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရသည်။

ပင်လယ်ငှက်များသည် ပင်လယ်ပြင်တွင် ဖြစ်ပေါ်လာသော မုန်တိုင်းများကို ကြိုတင်မှန်းဆနိုင်သလို ကမ်းခြေတည်ရှိရာနေရာနှင့် အနီးအဝေးကိုလည်း မှန်းဆနိုင်သည့်အတွက် ပင်လယ်ပြင်တွင် သွားလာနေကြသော သင်္ဘောသားများအတွက် များစွာ အထောက်အကူပြုကြောင်း၊ စက်မှုလုပ်ငန်းများ ထွန်ကားလာသည့်နောက်ပိုင်းတွင် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်လိုက်သော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေတတ်သော ဓာတုပစ္စည်းများ၊ ပင်လယ်ကူးသင်္ဘောများမှ စွန့်ပစ်လိုက်သော အမှိုက်သရိုက်များ၊ လူတို့စွန့်ပစ်သော ပလတ်စတစ် စသည့် စွန့်ပစ်ပစ္စည်းများကြောင့် ပင်လယ်ရေ ပိုမိုညစ်ညမ်းလာခဲ့ပြီး ပင်လယ်ပြင်တွင် နေထိုင်ကျက်စားသော ငှက်မျိုးစိတ်များသာမက အခြားသော ကျောရိုးရှိနှင့် ကျောရိုးမဲ့သတ္တဝါများ ထိခိုက်သေကျေပျက်စီးလာကြရကြောင်း သုတေသီများ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

ငှက်သုတေသီများ၏ လေ့လာသုံးသပ်ချက်များအရ ကမ္ဘာပေါ်ရှိ ပင်လယ်ငှက်မျိုးစိတ်များသည် အခြားသော ငှက်မျိုးစိတ်များထက် မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေကြောင်း၊ IUCN Redlist စာရင်းအရ ကမ္ဘာပေါ်ရှိ ပင်လယ်ငှက်မျိုးစိတ် ၉၇ မျိုး (၂၈ ရာခိုင်နှုန်း)သည် မျိုးသုဉ်းရန် စိုးရိမ်နေရပြီး ၁၇ မျိုးမှာ မျိုးသုဉ်းရန် စိုးရိမ်ရသော အမြင့်ဆုံးအဆင့်ဖြစ်သည့် Critically Endangered တွင် ရှိနေကာ သုံးမျိုးမှာမူ မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ ပင်လယ်ငှက်မျိုးစိတ်များ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး၊ သေဆုံးမှုနှုန်း ကျဆင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ငါးဖမ်းလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဒေသခံပြည်သူများက အချိန်မီ ပူးပေါင်းအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

> ❝ ယခုအချိန်တွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့သည် လူတို့သိသိသာသာ ခံစားနေရပြီး ကမ္ဘာပေါ်ရှိ ထိန်းသိမ်းရေးအဖွဲ့အစည်းများသည် ပင်လယ်သမုဒ္ဒရာ၏ ဂေဟစနစ်နှင့် နေထိုင်ကျက်စားသော မျိုးစိတ်များ ထိန်းသိမ်းခြင်းကို ပိုမိုအလေးအနက်ထား ဆောင်ရွက်နေကြပြီ ❞

ယခုအချိန်တွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့သည် လူတို့သိသိသာသာ ခံစားနေရပြီး ကမ္ဘာပေါ်ရှိထိန်းသိမ်းရေးအဖွဲ့အစည်းများသည် ပင်လယ်သမုဒ္ဒရာ၏ဂေဟစနစ်နှင့် နေထိုင်ကျက်စားသော မျိုးစိတ်များထိန်းသိမ်းခြင်းကို ပိုမိုအလေးအနက်ထား ဆောင်ရွက်နေကြပြီဖြစ်ကြောင်းလည်း သိရသည်။

ပိန်းဇလုပ်-သိန်းညွန့်

## ပြင်ဦးလွင်မြို့နယ်အတွင်း တီကျစ်မြေဩဇာ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းသင်တန်းဖွင့်

ပြင်ဦးလွင် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး တိုင်းမြေအသုံးချရေးဌာနခွဲမှ ကြီးမှူးကျင်းပသော တီကျစ်မြေဩဇာ တစ်ပိုင်တစ်နိုင်ထုတ်လုပ်ခြင်း သင်တန်းကို အောက်တိုဘာ ၃၀ ရက်က ပြင်ဦးလွင်ကော်ဖီဥယျာဉ် (ပွေးတောင်)



ခြံရှိ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းချိုက သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါက်တာစိမ်းစိမ်းမူက တီကျစ်မြေဆွေးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်မှ မန်နေဂျာ ဦးဇော်မင်းထွန်းက တီကျစ်မြေဆွေးထုတ်လုပ်ခြင်း အတွေ့အကြုံများကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သဘာဝမြေဩဇာထုတ်လုပ်သူများကိုယ်စား Dr. Nature သဘာဝမြေဩဇာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးသီတာခန့်တို့က အတွေ့အကြုံများအား ဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်သက်ထားမြင့်နှင့် ဆရာမများက မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ နိုဝင်ဘာ ၁ ရက်က မွေးကင်းစမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးစဉ်။ စည်သူလင်း(ပြန်/ဆက်)

## ဟသ်ာတ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနစကားဝိုင်းဆွေးနွေး

ဟသ်ာတ နိုဝင်ဘာ ၁

ဟသ်ာတမြို့နယ်ရှိ ဟသ်ာတတက္ကသိုလ်၌ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် သုတေသနအခြေပြု၊ ပရောဂျက်အခြေပြု သင်ကြားမှုဖြစ်သည့် (Project Based Learning ) ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဟသ်ာတတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဟသ်ာတတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက အမှာစကားပြောကြားသည်။ ထို့နောက် သုတေသနစကားဝိုင်းများကို စီးပွားရေးပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစုလှိုင်ဦးက ဦးဆောင်ပြီး ဝိဇ္ဇာဘာသာရပ် ဆရာ ဆရာမများနှင့်အတူ Effective Project Based Learning for Teachers and Students ခေါင်းစဉ်ကို ဆွေးနွေးပြီး ဘူမိဗေဒဌာန ပါမောက္ခ(ဌာနမှူး)



ဒေါက်တာ တင်မြင့်ဦးက ဦးဆောင်ပြီး သိပ္ပံဘာသာရပ်ဆရာ ဆရာမများနှင့်အတူ သုတေသနကို အခြေခံကာ သင်ကြားရေးကို မြှင့်တင်ပါ ခေါင်းစဉ်ကို ဆွေးနွေးကြသည်။

ခရိုင်(ပြန်/ဆက်)



ငါန်းဇွန်မြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကိုကိုနိုင်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## လယ်ဝေးမြို့နယ်၌ တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ပေးအပ်

**လယ်ဝေး နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် အောက်တိုဘာ ၃၀ ရက်က လယ်ဝေးမြို့နယ် သာဝတ္ထိအင်းသာအရှေ့ကျောင်း ဆရာတော်ထံ သွားရောက်ဖူးမြော်၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ခရမ်းကိုင်းကျေးရွာ စနစ်ကျလယ်ယာမြေ ရှင်းလင်းဆောင်၌ ကျင်းပသည့် တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ပေးအပ်ပွဲသို့ တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားပြီး တောင်သူများအား အနိမ့်တင်ဆိုလာပန့်များ ကျေးရွာအလိုက် ပေးအပ်ကာ အနိမ့်တင်ဆိုလာပန့်များဖြင့် စိုက်ပျိုးရေပေးဝေနေမှု လက်တွေ့သရုပ်ပြ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ရန်ကုန်-မန္တလေးလမ်း (ဗောဓိကုန်းမီးပွိုင့်မှ Denko ဆီဆိုင်အထိ) ကတ္တရာလမ်း ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**သုံးခွ နိုဝင်ဘာ ၁**

သုံးခွမြို့နယ် သိုက်တူးကန် ကျေးရွာအုပ်စု (ရဲနွဲ့တာ)အနီးရှိ ဘိုးဘွားရိပ်သာ၌ ဘိုးဘွား ၂၅ ဦးတို့၏ ပျောက်ဆုံး၊ ပျက်စီး နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းအဖွဲ့များက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။ ထို့ပြင် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။

**ကိုကျော်(သုံးခွ)**

## ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၁**

ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကားပြောကြားပြီး ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ နန္ဒာအောင်က မျက်စိရောဂါအကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ တိုးမောင်နှင့် တာဝန်ရှိသူများက မျက်စိရောဂါလူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## မိုင်းဆတ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မိုင်းဆတ် နိုဝင်ဘာ ၁**

မိုင်းဆတ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၃၁ ရက်က ကျတီကျေးရွာအုပ်စု ကွင်းအမှတ်(၁၁) တောင်သူ ဦးရှီးမွန်း၏ လယ်မြေ ၄ ဒသမ ၁၀ ဧကေ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ခင်ထွန်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးမင်းဇော်တို့က မိုးစပါးစိုက်ပျိုးထားရှိမှု၊ ရိတ်သိမ်းပြီးစီးမှုနှင့် စံကွက်ရိတ်သိမ်းမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရွှေရင်အေး မိုးစပါးသင့်ကိုယ်စားပြု စံကွက်ကို ရိတ်သိမ်းရာ တစ်ဧကေ စပါးအစိုအထွက်နှုန်း ၁၀၃ ဒသမ ၀၉ တင်း ထွက်ရှိကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

## နတ်မောက်မြို့၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**နတ်မောက် နိုဝင်ဘာ ၁**

နတ်မောက်မြို့၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရှိ ဆရာမများက ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်းများကို ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ



နှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှဝင်း**



ကျွန်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျွန်းလှမြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ နိုဝင်ဘာ ၁ ရက်က ကလေးငယ်များ ရောဂါကင်းစင်ပြီး ကျန်းမာဖွံ့ဖြိုးစေရန်အတွက် ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးစဉ်။ မျိုးဝင်းညို(ကျွန်းလှ)

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပညာရေး၊ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၏ သုတေသနစကားဝိုင်းကျင်းပ



**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပညာရေး၊ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၏ သုတေသနစကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က အဆိုပါ တက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်းက အမှာစကားပြောကြားပြီး ပညာရေး၊ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များမှ ပါမောက္ခ/ဌာနမှူးများက သုတေသနပြုစုထားသည့် စာတမ်းများအား ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်၌ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မြင်းခြံမြို့ အထက-၂ ၌ လူငယ်စကားဝိုင်း ကျင်းပ

**မြင်းခြံ နိုဝင်ဘာ ၁**

မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ယာယီတာဝန်ခံကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က လူငယ်စကားဝိုင်း ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပြည်သူ့နီတိ၊ လူငယ်နှင့်



အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် Social Media စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**



ထန်းတပင်မြို့နယ် ကျန်းမာရေးဝန်ထမ်းများက အသက် နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုင်းယောင်း၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



**မိုင်းယောင်း နိုဝင်ဘာ ၁** ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အားကစားကွင်း၌ အောက်တိုဘာ ၃၀ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖူဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ဗိုလ်လုပွဲ အမျိုးသားပွဲစဉ်တွင် နမ့်နော်အသင်းနှင့် Generation အသင်းတို့ ယှဉ်ပြိုင်ကစားရာ နမ့်နော်အသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် JF FC အသင်းနှင့် ဝမ်မွန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ JF FC အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန မြို့နယ်အားကစားမှူး ဦးအောင်မျိုးဦးတို့က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရ အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စိုင်းအောင်ဇော်လင်း**

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁** ရန်ကုန် တိုင်းဒေသကြီး အဆင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး အလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ အသိပညာပေး ဆွေးနွေးပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာဇာဝင်းက အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံနေရသည့် ကလေးအလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်ကျော်က အလုပ်ရှင်အလုပ်သမားများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များအား အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## မင်းတုန်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**မင်းတုန်း နိုဝင်ဘာ ၁** မကွေး တိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ပြည်ပပို့ကုန် ထုတ်ကုန်သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေး သုံးစွဲရာတွင် စနစ်တကျကိုင်တွယ်သုံးစွဲရေးနှင့် သီးနှံဘက်စုံ ကာကွယ်ရေး နည်းလမ်းများ ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်း မျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ အချိုးကျ ထည့်သွင်း သုံးစွဲရေးတို့ကို ပညာပေး ဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးပြီး စိုက်ပျိုးရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## ပေါက်ခေါင်းမြို့နယ်၌ ကြံစိုက်ဧကပေါင်း နှစ်သောင်းကျော် စိုက်ပျိုးပြီးစီး

**ပေါက်ခေါင်း နိုဝင်ဘာ ၁** ကြံစိုက်ပျိုးဧက များစွာရှိသော ပေါက်ခေါင်းမြို့နယ်၌ ကြံစိုက်ဧကပေါင်း နှစ်သောင်းကျော် ရှိရာ ယခုနှစ်တွင်လည်း ကြံစိုက်ဧက ၁၂၃၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကြံ စိုက်ပျိုးရာတွင် အထွက်နှုန်း တိုးတက်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေးတို့အပြင် အပင်ကြီးထွားချိန် ပိုးမွှားကျရောက်လာပါက ကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကြံစိုက်တောင်သူများ စိုက်ပျိုး ထုတ်လုပ်မှုအဆင်ပြေစေရန် အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ကြံတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကြံကို ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလများတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ခုတ်သိမ်းနိုင်ကာ အင်ငါးခွ သကြားစက်နှင့် နဝဒေးသကြားစက်ရုံများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင်**
**(ပြန်/ဆက်)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသား များကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းမပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))

(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်း ကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃၊ ၂၆၊ ၂၈ (မင်းဓမ္မ)၊ မြေကွက် အမှတ်-(၁၀၀/ဂျေ)၊ အကျယ်အဝန်း ၀ ဒသမ ၉ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော ဂရန်စာအုပ်တွင် Ayeyar Hinthar Holdings Co,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၇၉၃၉၄၉)အမည်ဖြင့်မှတ်သားထားပါသည်။ အထက်တွင်ဖော်ပြထားသော ပစ္စည်းအား ကုမ္ပဏီ၏ခွင့်ပြုချက်ရသူ ဦးနေနေလွှမ်းမိုး ၁၄/ဟသတ(နိုင်)၀၀၃၈၁၈ မှ ရောင်းချခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသော ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြရတနာဈေး၏အောက်ဖော်ပြပါဆိုင်ခန်း(၃)ခန်းမှ ၂၅-၃-၂၀၂၅ ရက်-ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်အေးသန်း ၁၁/စတန(နိုင်)၀၄၅၈၅၉ မှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောမူရင်းစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | ရုံ | ဆိုင် | ဆိုင်အငှားချထားခြင်းခံရသူအမည် | အမည်ပြောင်းလျှောက်ထားသူအမည် | စာချုပ်ရက်စွဲ | မှတ်ပုံတင်အမှတ် | ဆိုင်စာအုပ်နံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၄၂ | ဦးထွန်းထွန်းခိုင် | ဒေါ်အေးသန်း | ၂၅-၃-၂၀၂၅ | ၁၁/စတန(နိုင်)၀၄၅၈၅၉ | N-49324 | ပျောက်ဆုံး |
| ၂ | ၂ | ၅၈ | ဒေါ်မြမူ | ဒေါ်အေးသန်း | ၂၅-၃-၂၀၂၅ | ၁၁/စတန(နိုင်)၀၄၅၈၅၉ | N-49325 | ပျောက်ဆုံး |
| ၃ | ၂ | ၇၄ | ဒေါ်လှထွေး | ဒေါ်အေးသန်း | ၂၅-၃-၂၀၂၅ | ၁၁/စတန(နိုင်)၀၄၅၈၅၉ | N-49326 | ပျောက်ဆုံး |

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြရတနာဈေး၊**
**တာဝန်ခံ ဖုန်း-၀၉-၄၂၀၀၄၇၅၆၈**

## DH (MYANMAR) Co.,Ltd (foodpanda) ၏
## အလွတ်တန်းအစားအသောက်ပို့ဆောင်သူအဖြစ်မှ ရပ်ဆိုင်းခြင်းခံထားသူ မောင်တင်အောင်လှိုင်၁၂/မဂတ(နိုင်)၁၀၁၄၉၃နှင့် သက်ဆိုင်သူများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မဟာလန်းအဆောက်အအုံ၊ အမှတ်(၅၆)၊(၃-လွှာ)၊ ယူနစ်(၃၀၁)တွင် ကုမ္ပဏီ ဖွင့်လှစ်ထားသည့် DH (MYANMAR) Co.,Ltd (foodpanda) ၏အစည်းအဝေးဆုံးဖြတ်ချက်အရ DH (MYANMAR) Co.,Ltd (foodpanda) ကိုယ်စားတာဝန်ပေးခြင်းခံရသူ ဦးရဲမြင့်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မောင်တင်အောင်လှိုင်သည် DH (MYANMAR)Co.,Ltd(foodpanda)တွင် (၂၇-၈-၂၀၂၀)ရက်မှ (၁၄-၁-၂၀၂၁)ရက်အထိ အလွတ်တန်းအစားအသောက်ပို့ဆောင်သူအဖြစ် လုပ်ကိုင်ခဲ့ပြီး ငွေသွင်းပေးရန် နှောင့်နှေးခြင်း၊ စားသုံးသူအချက်အလက်များကို တစ်ခြား rider များထံမှ တောင်းခြင်း၊ စားသုံးသူထံမှ အလှူငွေတောင်းခံခြင်းစသည့် မလျော်ညီသောလုပ်ဆောင်မှုများ တွေ့ရှိခဲ့ရသဖြင့် (၁၄-၁-၂၀၂၁)ရက်တွင် ၎င်းအား DH (MYANMAR) Co.,Ltd (foodpanda) ၏ အလွတ်တန်း အစားအသောက်ပို့ဆောင်သူအဖြစ်မှ ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်။

သို့သော် မောင်တင်အောင်လှိုင်မှ foodpanda အမည်အား အသုံးပြု၍ -

- foodpanda ၏ စားသုံးသူများထံသို့ ဖုန်း-၀၉-၇၈၀၈၀၂၄၀၈, ၀၉-၇၈၂၆၂၆၆၄၀ ၀၉-၇၉၂၄၂၉၈၆၄, ၀၉-၄၀၄ ၁၀၆၃၉၀ တို့ကို အသုံးပြုဆက်သွယ်ပြီး ၎င်းတို့၏ K-Pay အကောင့်များဖြစ်သော K-pay Number 09-4041 06390 (အမည်တင်အောင်လှိုင်)။
- K-pay Number 09-792429864 (အမည် တင်ဇာလင်း)များနှင့် အလှူငွေ တောင်းခံခြင်း။
- foodpanda ၏ မိတ်ဖက်စားသောက်ဆိုင်များသို့ ဖုန်း-၀၉-၄၀၄၁၀၆၃၉၀ကို အသုံးပြုဆက်သွယ် ငွေတောင်းခံခြင်း။
- foodpanda တွင် လက်ရှိ အလွတ်တန်းအစားအသောက်ပို့ဆောင်သူအဖြစ် လုပ်ကိုင်လျက်ရှိသော rider များထံမှ စားသုံးသူတို့၏အချက်အလက်၊ ဖုန်းနံပါတ်များအား တောင်းခံခြင်းတို့ကို ယနေ့တိုင်ပြုလုပ်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရပါသည်။

ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်မှုသည် DH (MYANMAR) Co.,Ltd (foodpanda) မှ ခွင့်ပြုထားခြင်းမရှိသောလုပ်ဆောင်မှုများဖြစ်ပြီး ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားလုပ်ငန်းကို ထိခိုက်စေသည့်အပြင် စားသုံးသူများအတွက် အထင်အမြင်လွဲမှားမှုများ၊ သံသယများကိုဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ မောင်တင်အောင်လှိုင်နှင့် ပတ်သက်သက်ဆိုင်သူများသည် ထိုကဲ့သို့ပြုမူဆောင်ရွက်မှုများကို ချက်ချင်းရပ်ဆိုင်းရန် အသိပေးကြေညာအပ်ပါသည်။

လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်နောင်တွင်လည်း DH (MYANMAR) Co., Ltd (foodpanda) ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားလုပ်ငန်းကိုထိခိုက်စေပြီး foodpanda ၏ စားသုံးသူများ၏ အထင်အမြင်လွဲမှားမှုများ၊ သံသယများကို ဖြစ်ပေါ်စေမည့်လုပ်ရပ်များအား မပြုလုပ်ကြရန်နှင့် ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**DH (MYANMAR) Co.,Ltd (foodpanda) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ**
**တာဝန်ပေးခြင်းခံရသူ ဦးရဲမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ဖခင်အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက(ကပ်ခို)၊ G-12 မှ မရွှေရည်ဝင်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးချမ်းငြိမ်းအောင် ၁၄/မမက(နိုင်) ၁၇၉၇၀၉ ဖြစ်ပါကြောင်း။

**ဦးချမ်းငြိမ်းအောင်**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ LCE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4မှ ဦးမျိုးမင်းထွန်း-ဒေါ်ထွေးထွေးတို့၏သား မောင်ကောင်းခန့်မျိုးမှ မောင်ကောင်းခန့်လင်း အမည်သို့ ပြောင်းလဲ ခေါ်ပါရန်။

**မောင်ကောင်းခန့်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/28784 HAOJUE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြည် ၁၄/ဘကလ(နိုင်)၀၃၃၁၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်**

## အထူးစိန်တလုံးသရက်ခြံမြေကွက်အထောက်အထားပျောက်ဆုံးခြင်း

ဦးသက်ဦး ၁၃/လရန(နိုင်)၀၃၀၈၃၉ အမည်ပေါက် ပိုင်ဆိုင်သော အမြန်လမ်း ၂၃၁ မိုင် ၁ ဖာလုံ ၊ ခြံကွက်(၁၈) အကျယ်(၁၉ ဒသမ ၅)ဧကမှတ်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးသက်ဦး ဖုန်း -၀၉-၈၈၂၄၅၈၈၄၆**

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ မြို့သစ်ရပ်ကွက်၊ ရိုးကြီး (၁)လမ်းရှိ အလျားပေ(၂၂x၆၀)၊ အနံ (၇၀)ရှိ အိမ်ခြံမြေ၊ Bajrj RE အဖြူ (ပုံပြောင်း)၊ AYY /25 U 5996 နှင့် LUOJIA (110) 79W/27439 တို့သည် မဖြူဖြူဝင်း ၁၀/ရမန(နိုင်)၀၁၈၅၉၇ တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လေးမွန် ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)**
**ဖုန်း-၀၉-၄၂၂၅၅၇၀၀၀၊ ၀၉-၇၆၉၂၇၀၀၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃) ရပ်ကွက်၊ အေးရိပ်မွန် (၃)လမ်း၊ တိုက်(၅)၊ အခန်း (၄/E)၊ (၄)ထပ်၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ တိုက်ခန်းတစ်ခန်းအား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ရောင်းချခွင့်ရှိသူ ဒေါ်စန္ဒာလွင် ၁၂/မရက(နိုင်)၁၁၁၀၁၂၈က ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပန်းဝတ်ရည် ၁၂/စခန(နိုင်)၀၆၀၆၄၃အား အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ နှစ်ဦးသဘောတူကြပါသဖြင့် တိုက်ခန်းရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှ စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာဝင်း**
**(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၆/၂၀၁၄)**
**အမှတ် (၁၀/၁၂)၊ (၁၀၃/E)၊ ၃၅-လမ်း(ပထမထပ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၇၉၄၁၇၇၁၇၂ ၊ ၀၉-၄၃၀၂၈၅၈၂**

## အငယ်တန်းအင်ဂျင်နီယာ(၂)/ရုပ်သံကျွမ်းကျင်(၂)(ရုပ်မြင်)/ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)/အသံလွှင့်ကျွမ်းကျင် (၂)(အသံလွှင့်)/ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)/ရုပ်သံကျွမ်းကျင်(၂) (Myanmar International)
## (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)
## ရာထူးစာမေးပွဲစစ်ဆေးမည့်ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အငယ်တန်းအင်ဂျင်နီယာ(၂)/ ရုပ်သံကျွမ်းကျင်(၂) (ရုပ်မြင်)/ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား)/အသံလွှင့်ကျွမ်းကျင်(၂)(အသံလွှင့်)/အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)/ ရုပ်သံကျွမ်းကျင်(၂)(Myanmar International) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၀၅)နေရာအတွက် (၉-၈-၂၀၂၅) ရက်၊ (၁၇-၉-၂၀၂၅) ရက်နှင့် (၁၀-၈-၂၀၂၅) ရက်၊ (၁၈-၉-၂၀၂၅)ရက်နေ့ သတင်းစာများမှ ကြော်ငြာခေါ်ယူ၍ လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်နှင့်နေပြည်တော်-တပ်ကုန်းတို့တွင် (၁၅-၁၁-၂၀၂၅)ရက်၊ (စနေနေ့)(၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီထိ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လျှောက်လွှာပေးပို့ထားသူများအနေဖြင့် သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ မိမိတို့အမည်၊ ခုံနံပါတ်များစာရင်းတွင် ပါဝင်မှုရှိ/မရှိ နှင့် ဖြေဆိုရမည့်နေရာအား ကာယကံရှင်ကိုယ်တိုင် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၈၀၁၇၉၁၈၅ သို့ ဆက်သွယ်စုံစမ်း၍လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Website ဖြစ်သည့် https://mrtv.gov.mm နှင့်Telegram (https://t.me/mrtvnews/) တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍လည်းကောင်း အမည်စာရင်းပါရှိသည့်သူများအနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် (၁၂-၁၁-၂၀၂၅) ရက်နှင့် (၁၃-၁၁-၂၀၂၅)ရက်များတွင် ရန်ကုန်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေပြည်တော်-တပ်ကုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့၌ ရုံးချိန်အတွင်း လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့နှင့်အတူ ကိုယ်တိုင်လာရောက်သတင်းပေးပို့၍ ကိုယ်ရေးရာဇဝင်ပုံစံဖြည့်စွက်ရမည်ဖြစ်ပြီး (၁၅-၁၁-၂၀၂၅)ရက်နေ့ စာမေးပွဲလာရောက်ဖြေဆိုရာတွင် ပညာအရည်အချင်းအောင်လက်မှတ်(မူရင်း)၊ အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများ၏ ခုံနံပါတ်များနှင့် အောင်မြင်သူများအတွက် လူတွေ့စစ်ဆေးမည့်ရက်ကို ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြော်ငြာပေးမည်ဖြစ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ - ၂၀ )
## မုဒုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅

ဒေါ်စုဝေလှိုင် **(တရားလို)** **နှင့်** ဦးထွန်းဇော်ဝင်း **(တရားပြိုင်)**

မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ အ.မ.က(ပိုင်ကမာ)စာသင်ကျောင်းအနီးနေ ဦးလှမောင်၏သား တရားပြိုင် ဦးထွန်းဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မုဒုံမြို့နယ်၊ ကျိုက်ရွဲကျေးရွာ၊ ဓမ္မစေတီလမ်း၊ အမှတ်(၇/၂၂)နေ ဦးကျော်မြင့်၏သမီး တရားလို ဒေါ်စုဝေလှိုင်က "တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြဆက်ခိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မုဒုံမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၃၁၇) အခန်း(၁၅)နေ ဦးပြည့်ဖြိုးမောင် ၁၂/ဥကတ(နိုင်)၁၆၂၇၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်-၁၅၅၊ ၃ ခန်းတွဲ (ပထမထပ်)(၂အလွှာ) ဝဲအစွန်အခန်းနေ (၂၉-၇-၂၀၂၅)ရက်တွင် ကွယ်လွန်သွားသည့် ဒေါ်တင်တင်စိုးသည် ယခုကြေညာသူ ဦးပြည့်ဖြိုးမောင်၏ အဒေါ်အရင်းတော်စပ်သူဖြစ်ပြီး အထက်ပါလိပ်စာတွင် တစ်ဦးတည်း နေထိုင်သူ ဖြစ်ပါသည်။

ဒေါ်တင်တင်စိုးသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ၎င်းကွယ်လွန်သည့်အခါ နေထိုင်ရာ တိုက်ခန်းနှင့် အတွင်းပစ္စည်းများ ကျန်ရစ်ပါသည်။ တိုက်ခန်းမှာလူနေထိုင်ခြင်းမရှိ၍ သော့ပိတ်ထားခဲ့ပြီး၊ ၎င်းပိုင် အတွင်းပစ္စည်းများကို ၎င်းမကျန်းမမာဖြစ်စဉ် အနီးကပ်ပြုစုစောင့်ရှောက်သူများထံ အပ်နှံခဲ့သည်ဟု သိရပါသည်။

ကွယ်လွန်သူ ဒေါ်တင်တင်စိုးတွင် မွေးချင်းမောင်နှမ(၆)ဦးရှိပြီး မွေးချင်းစတုတ္ထမြောက်ဖြစ်သူ ဦးသိန်းဇော်သည် ယခုကြေညာသူ ဦးပြည့်ဖြိုးမောင်၏ ဖခင်အရင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဒေါ်တင်တင်စိုး ကျန်ရှိရစ်သော တိုက်ခန်း နှင့်တကွ အတွင်းပစ္စည်းများသည် ဒေါ်တင်တင်စိုး၏ အမွေဆက်ခံခွင့်ရှိသူ ဦးပြည့်ဖြိုးမောင်နှင့်သာ သက်ဆိုင်သည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါကွယ်လွန်သူ ဒေါ်တင်တင်စိုး ကျန်ရှိရစ်သော တိုက်ခန်းနှင့်တကွ အတွင်းပစ္စည်းများအပေါ် ကျူးကျော်ထားသူ၊ ရယူထားသူများကို တရားဥပဒေနှင့်အညီ တရားမကြောင်း၊ ရာဇဝတ်ကြောင်းများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဦးပြည့်ဖြိုးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ဒင် (LL.B)** | **ဒေါ်ဝေဝေလွင် (LL.B) (တောင်ဒဂုံ)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၇၃၃၁)** | **(စဉ် - ၁၉၃၅၅)** |

**အမှတ် ၄၆၊ (မြေညီထပ်ရုံးခန်း)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း -၀၉ -၅၄၀ ၂၇၇၄၊ ၀၉-၄၂၁၁၆၄၀၉၈**

## ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာရေတင်စီမံကိန်း (၄)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေရရှိရေးလုပ်ငန်းများအား ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်အတွက် လိုအပ်သော ရေစုပ်စက်ပိုင်းဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်ပိုင်းနှင့် ဆိုလာဆိုင်ရာပစ္စည်းများ၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါပုံစံ** | - | ၆-၁၁-၂၀၂၅ရက်မှ |
| **ရောင်းချမည့်နေ့ရက်** | | ၁၇-၁၁-၂၀၂၅ရက်အထိ |
| **အိတ်ဖွင့်တင်ဒါ** | - | ၁၈-၁၁-၂၀၂၅ရက်၊ |
| **တင်သွင်းရမည့်ရက်/အချိန်** | | မွန်းတည့် ၁၂:၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၂၁-၁၁-၂၀၂၅ရက်၊မွန်းလွဲ ၁၄:၀၀နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့်ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၉-၂၅၉၂၇၁၉၁၇၊ ၀၉-၅၂၄၀၂၁၇၊ ၀၉-၅၁၅၂၃၇၀၊ ၀၉-၉၇၈၀၂၅၈၆၈၊ ၀၉-၄၄၈၅၄၀၀၉၃ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## အထူးအစည်းအဝေးဖိတ်ကြားလွှာ

Solar Tree Co., Ltd. (Co. Reg. No.: 143621782) မှ ကုမ္ပဏီ၏ မတည်ငွေရင်း လျှော့ချခြင်းနှင့်စပ်လျဉ်း၍ အစုရှယ်ယာရှင်များ၏ အတည်ပြုချက် လိုအပ်ပါသဖြင့် အထူးအစည်းအဝေး တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်**- ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ( ၄ )ရက်

**အချိန်** - နံနက် ၁၁:၀၀နာရီ

**နေရာ** - အမှတ် (၁၃၆၆) က/ခ၊ သံသုမာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၂/ရွှေအင်ကြင်းအနောက်ရပ်ရှိအလျား(၆၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကကျယ်ဝန်းသော မြေကွက်အမှတ်(ဒ-၄၈၃၉)သည် ဦးကိုယ်၉/လဝန(နိုင်)၀၅၇၇၃၂အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ အမည်ပြောင်းလဲသတ်မှတ်ပေးထားသော နှစ်(၃၀) မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေ၏အကျိုး ခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်လက်ရှိထားပိုင်ဆိုင်သဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ(၎င်းအမည်ပေါက်သူ) ဦးကိုယ်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးကျင်ငွေ ၁၄/ပသန(နိုင်) ၀၃၂၄၂၈က ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးကျင်ငွေ ၁၄/ပသန(နိုင်) ၀၃၂၄၂၈၏ လွှဲအပ်ချက်အရ-**
**ဦးမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း ၀၉- ၄၃၀၂၀၂၉၁၊ ၀၉- ၉၄၃၀၂၀၂၉၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ မြို့သစ်ရပ်ကွက်၊ ရိုးကြီး (၁)လမ်းနေ (ဘ) ဦးနိုင်လင်း၁၄/သသခ(နိုင်)၀၂၁၉၀၇ ၏ သမီးဖြစ်သူ မလှိုင်ရွှေစင်ထွဋ် (လျှောက်ထားဆဲ)အား ယနေ့မှစ၍ သမီးအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ )**
**ဒေါ်ခင်လေးမွန် ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)**
**ဖုန်း-၀၉-၄၂၂၅၅၇၀၀၀၊ ၀၉-၇၆၉၂၇၀၀၀၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7669 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/37233 Honda Dream(ND 125 M)ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက်စိုး ၁၀/သထန(နိုင်)၁၈၅၅၀၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၃၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၁၀/ကမရ(နိုင်)၁၃၂၆၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒေါ်မော်ဆွီး
### အသက် (၆၀) နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ(ဦးရာလ်လိန်း)-ဒေါ်လှေးတဲလ်တို့၏ သမီး၊ ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်နေ ဦးမောင်မောင်ထန်း၏ ချစ်လှစွာသောဇနီး၊ မဝေဝေထွန်း၊ မအေပရယ်ထွန်းနှင့် မောင်ရာလ်ဘွေးထန်းတို့၏ချစ်လှစွာသောမိခင် ဒေါ်မော်ဆွီးသည် ၁-၁၁-၂၀၂၅ရက် (စနေနေ့) ညနေ(၃)နာရီအချိန်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မော်ဆွီး
### အသက် (၆၀) နှစ်

သူငယ်ချင်း မောင်မောင်ထန်း၏ဇနီး၊ ဒေါ်မော်ဆွီးသည် ၁-၁၁-၂၀၂၅ ရက် (စနေနေ့) တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၁) စည်သူတပ်ခွဲမှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရားကုန်းအဆင့်(၁)၊ကညင်ပင်ဘုန်းကြီးကျောင်းလမ်း၊ မြေကွက်အမှတ်(၁၀၂၀)ဟုခေါ်တွင်သော အလျား x အနံ(၄၀ပေ x ၆၀)ပေ အကျယ်ရှိ ဦးကံညွန့် ၁၂/သလန(နိုင်)၀၆၆၈၆၀ အမည်ပေါက်(ပါမစ်) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မြင့်မြင့်မွန်(၁၀/မလမ(နိုင်)၀၁၆၇၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း (၁၂/သလန(နိုင်)၀၉၁၉၇၅)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက မြေကွက်နှင့် ပတ်သက်သော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနှင်းထွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၉၆၈)**
**အမှတ် F/၅၁၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဂျီ၊ မြေကွက်အမှတ် ၇၄ဂျီ/အေ-အေ၊ မြေဧရိယာ (၀.၂၂၃)ဧကအကျယ်အဝန်းရှိ ယခုအခေါ်အမှတ်၂၀(က)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးဝင်း(ဘ)ဦးသာမြတ်(၁၂/ဗဟန(နိုင်)၀၅၅၆၃၉)၊ အမှတ်-၂၀ ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူက ၎င်း၏ ဇနီးဖြစ်သူဒေါ်သန်းသန်းနှင့် ကျန်သမီးဖြစ်သူ ဒေါ်သူဇာဝင်းတို့၏ သဘောတူညီချက်ဖြင့် သမီးဖြစ်သူ ဒေါ်စန္ဒာဝင်း(၁၂/ဗဟန(နိုင်)၀၅၄၀၇၆)အား" မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်”ကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ပေးအပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အဆိုပါ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် " မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc.PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ဦးအောင်ရင်(ဘ)ဦးဘအေး(ဒီအိုင်-၀၄၁၆၉၂)နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ဒေါ်သန်းဌေးရီ (ဘ) ဦးကံမြင့်(၉/မနမ(နိုင်)၀၅၈၁၄၄၏ လွှဲအပ်မှုအရ ဦးအောင်ရင်(ဘ)ဦးဘအေးနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ဓေ-၇)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေသည် ဦးအောင်ရင်၏အမည်ဖြင့် မြေငှားဂရန် ရရှိခဲ့ပြီးနောက် ယင်းမြေကွက်ကို ဦးအောင်ရင်မှ ပြန်လည် ရောင်းချခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေက အဆိုပါမြေကွက်ကို လက်ရှိထားပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူခဲ့ပါသည်။ ထိုသို့ ဝယ်ယူရာ၌ ကျွန်ုပ်တို့၏မိတ်ဆွေမှ ၎င်း၏အမည်သို့ ဂရန်အမည် ပြောင်းလဲရေးနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရေးတို့ကို ပြုလုပ်သည့်အခါတွင် ဦးအောင်ရင်မှ လိုက်လံကူညီဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့ကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေ ပြောပြချက်အရ ကြားသိရပါသည်။


ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါမြေကွက်ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ၎င်း၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ဦးအောင်ရင်နှင့်တကွ သက်ဆိုင်သူများသည် ပေးထားသည့်ကတိအတိုင်း ဤကြေညာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**လွှဲအပ်မှုအရ -**

| | |
|---|---|
| **ဒေါ်ဆွေးဒင်မော်(LL.B)** | **ဒေါ်မျိုးသန္တာ(LL.B)** |
| **အထက်တန်းရှေ့နေ** | **(စဉ်- ၅၁၉၉၇/၂၆-၁၁-၂၀၁၉)** |
| **(စဉ်-၄၀၀၇၇/၂၉-၈-၂၀၁၂)** | **အထက်တန်းရှေ့နေ** |

**၅၉(အေ)လမ်း၊ အကွက်(၄၆)၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့၊ဖုန်း-၀၉-၇၈၁၆၂၁၁၉၅**

# အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူရာ
# ကုသိနာရုံ၊ မြန်မာကျောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနာပြုဆရာတော်
# (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဓိပတိ၊ ပဓာန၊ နာယက)
# (ဒေါက်တာဉာဏိသာရမဟာထေရ်)
## သက်တော်(၉၀)နှစ်



၂၁.၁၀.၂၀၂၅ရက် နံနက်(၄:၅၀) နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူကြောင်း ဆရာတော်၊ သံဃာတော်များ၊ ဒါယကာများ၊ ဒါယိကာမများ၊ ဓမ္မမိတ်ဆွေအပေါင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပနတော်ကို (၁၁-၁၁-၂၀၂၅)ရက်၊ မွန်းလွဲ ၂ နာရီတွင် မီးပူဇော်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်ဥဥအောင်မိသားစု**
**ဆုလာဘ်သခင်မိသားစုဖောင်ဒေးရှင်းနှင့် ဓမ္မမိတ်ဆွေများ၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/F)၊ မြေကွက်အမှတ် ၃၆(အေ)၊ မြေပိုင်မြေ၊ ၃၉ လမ်းနှင့် လမ်း ၄၀၊ နှစ်ဖက်ပေါက် မြေအကျယ်အဝန်းအတိုင်းအတာ (၅၀ပေ x ၁၁၅ပေ)အကျယ်ရှိ မြေကွက်နှင့်မြေပိုင်ရှင်ခံစားခွင့်ရှိသည်များကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ဝယ်ယူရာတွင်မြေကွက်ပေါ်ရှိ ဂိုဒေါင်များအားလုံးသည် အပျောက်ခန်းများဖြစ်သဖြင့် အပိုင် ဝယ်ယူသူကျွန်ုပ်မိတ်ဆွေအနေဖြင့် မြေပိုင်ဆိုင်မှုနှင့် အခန်းလစာအကျိုးခံစားခွင့်သာရရှိပြီး အခန်းအလွတ်တစ်ခန်းမျှမရှိပါ။ ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် လိုအပ်သည့်မြေပုံမြေရာဇဝင်များ ရေးကူးခဲ့ပြီးဖြစ်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့သို့ တင်ပြကာ ကာလတန်ဖိုးဖြတ်အခွန်များပေးဆောင်ခြင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးမျိုးညွန့် LL.B (ဖျာပုံ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၂၆/၂၀၁၃)**
**အမှတ်၂၈ ပထမထပ်၊ ၁၄၁ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ သဃၤန်းကျွန်းမြို့နယ်၊ (ဇဝန) ရပ်ကွက်၊ သီရိဟေမာလမ်း၊ ဦးညိုခြံ၊ တိုက်အမှတ် (C) ၊ (၄) လွှာ၊ အခန်းအမှတ် (၄၃) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးသီတာသိန်း (၁၂/သဃက(နိုင်)၀၀၄၁၅၈) မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ဒေါ်သင်းသင်းဆွေ (၁၂/ဥကမ(နိုင်)၁၈၈၂၃၉)မှအပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဆွေ**
**ဖုန်း-၀၉-၄၀၃၄၇၄၈၈၇**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/82185, Zhineng-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောစဲမဆန် ၁၄/ငပတ(နိုင်)၁၈၅၆၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/82239 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယိန်းဆန့် ၁/မကန(နိုင်)၁၂၆၇၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၅၊ ကျောင်းရပ်)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အား မူလက ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်လွင်၊ ဦးချစ်အေးအမည်ဖြင့်(၁၃-၁-၂၀၅၃) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ (၃)ဦးအနက် ဦးချစ်အေးမှဦးပိုင်(၇၃-ခ)၊မြေဧရိယာ(၀.၀၄၁) ဧကအပိုင်းကို ဦးမြင့်လွင်၊ဒေါ်မြင့်မြင့်အေးတို့(၂)ဦးထံသို့ (၇-၈-၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၂၈၇/၂၀၂၅)ဖြင့် အိမ်ခြံမြေကွက်အား အပြီးအပိုင်စွန့်လွှတ်ခဲ့ကြပြီးဖြစ်သဖြင့် ယခုအခါဦးမြင့်လွင် ၁/မကန(နိုင်)၀၁၃၈၄၇၊ ဒေါ်မြင့်မြင့်အေး၊ MKA-၀၂၀၃၀၂အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်လျှော့မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၄၁၆)၊ မြေကွက်တည်နေရာ - အမှတ်(၄၁၆)၊ မိဂသီ(၁၆)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရာမာဆာမိပူမနီချန်ဒရန်(၁၂/ပဘတ(ဧည့်) ၀၀၀၁၈၉)၊ ဒေါ်ဒါနားလချ်မီး (၁၂/ဒဂတ(နိုင်)၀၀၈၄၇၈)၊ ဒေါ်မဆောင်(၁၂/ဥကတ(နိုင်)၁၁၇၂၅၁)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ရာမာဆာမိပူမနီချန်ဒရန်၊ ဒေါ်ဒါနားလချ်မီး၊ ဒေါ်မဆောင်တို့အား တရားပြိုင်ထား၍ တရားလို ဦးအေးခိုင်မှ မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော သဃၤန်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၂၂၅/၂၀၂၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၂၁၁/၂၀၂၄)၏ အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင် (၁၂/မဂတ(နိုင်)၁၀၇၃၅၁)မှ သဃၤန်းကျွန်းခရိုင်တရားရုံး၏ (၂-၁-၂၀၂၅)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအက်စတာ ၁/မကန(နိုင်)၂၆၆၆၀၁ ၏ ပတ်စ်ပို့နံပါတ် (MG-22-302553)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၅၆၀၇၇၆**

## ပြင်ဆင်ဖတ်ရှုပါရန်

ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂-၁၁-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်း သတင်းစာကြော်ငြာ စာမျက်နှာ(၂၆)တွင် ဦးဝေဇင်အုံး၏အမည်ဖြင့် (၁၀-၁၂-၂၀၀၁)မှ(၉-၁၂-၂၀၁၁) အထိ (၁၀)နှစ်မြေငှားဂရန် ရရှိထားပြီး ရက်စွဲအမှန်မှာ (၃၀-၁၂-၂၀၀၁)မှ(၂၉-၁၂-၂၀၁၁)ဖြစ်ပါကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အရှေ့၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်းတိုက်အမှတ်(၁၉)၊(၇)လွှာ (၂၅/၇၄ x ၆၈/၃၃)ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမြင့်ကြည်(၁၂/စခန(နိုင်)၀၁၃၂၆၃)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဟန်ဇော်ဌေး(၉/မခန(နိုင်)၁၅၃၇၈၁)ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသုထက်ကျော်လွင်**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**
**အမှတ် (၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၉၆၀၇၀၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄/တောင်၊ မြေကွက်အမှတ် (၆၈၈/ခ)၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ် (၆၈၈/ခ၊ အောင်သစ္စာ (၆) လမ်း အနောက်၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်မြင့် (၁၂/သကတ(နိုင်) ၀၄၃၄၃၁) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအားအမည်ပေါက် ဦးအောင်မြင့်မှ ဂရန်မူရင်းမှာ မိမိ၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှား၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်း ပျောက်ဆုံးသည်မှာ မှန်ကန်ပါကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သာကေတမြို့နယ်၊ မြို့မရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူမှန် လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### အသက်(၈၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး-ဒေါက်တာ နန်းတွမ်ဟွမ်စောတို့၏ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၂၅ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### အသက်(၈၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး-ဒေါက်တာ နန်းတွမ်ဟွမ်စော တို့၏ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၂၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**နည်းပညာတက္ကသိုလ်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### အသက်(၈၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး-ဒေါက်တာ နန်းတွမ်ဟွမ်စောတို့၏ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၂၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**ကွန်ပျူတာတက္ကသိုလ်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### အသက် (၈၅)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး-ဒေါက်တာ နန်းတွမ်ဟွမ်စောတို့၏ ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၂၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**Polytechnic University များ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

မကွေးမြို့နယ်၊ ကန်ပြား(အရှေ့)ကျေးရွာနေ ဦးကျော်မြင့်(၈/မကန(နိုင်)၀၁၁၇၀၉)နှင့် ဒေါ်ကျင်သန်း(၈/မကန(နိုင်)၀၁၁၇၁၀တို့၏သမီးဖြစ်သူ မခင်သန္တာမြင့်(၈/မကန(နိုင်)၁၂၈၂၀၅)သည် မိဘများ၏ဆိုဆုံးမမှုကို လိုက်နာခြင်း မရှိဘဲ မိဘများအားစိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းအမြဲပြုလုပ်ပြီး (၂၉-၁၀-၂၀၂၅)ရက်က မိဘများ၏ဂုဏ်သိက္ခာ ကျဆင်းစေသည့် အပြောအဆို၊ အပြုအမူများဆောင်ရွက်ကာ မိဘများနေအိမ်မှ ၎င်း၏သဘောဆန္ဒအတိုင်း လက်ဝတ်ရတနာပစ္စည်းများနှင့်အတူ ထိုင်းဘီး(110)ဆိုင်ကယ်ဖြင့် ငွေသိန်း(၃၀)ကျပ်အား ယူဆောင်၍ ဆင်းသွားသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ (၂၉-၁၀-၂၀၂၅)ရက်မှစ၍ ဒေါ်ခင်သန္တာမြင့်(၈/မကန(နိုင်)၁၂၈၂၀၅)နှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသီးခံပါ။)

**ဦးကျော်မြင့် (၈/မကန(နိုင်)၀၁၁၇၀၉)နှင့် ဒေါ်ကျင်သန်း(၈/မကန(နိုင်)၀၁၁၇၁၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသိန်း(LL.B)တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၁၆၈/၂၀၁၄)**
**အမှတ်FS. ၅၉၊(၂၀)လမ်း မြင်သာရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉- ၄၀၁၅၆၄၅၉၇**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ပါမောက္ခဒေါက်တာသိန်းညွှန့်
### နာယက(ငြိမ်း)၊ မြန်မာနိုင်ငံဆေးကောင်စီ
### အသက်(၉၆)နှစ်

ပါမောက္ခဒေါက်တာသိန်းညွှန့်သည် ၂၉-၁၀-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်(၃:၄၇)နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံဆေးကောင်စီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီ (ခ) ဒေါ်ခင်နှင်းရီ
### အသက် (၉၀)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၄ လမ်း၊ အမှတ် (၈၂)၊ မြေညီထပ်နေ၊ (ဦးဘမောင်-ဒေါ်သိန်းမြ)တို့၏ သမီး၊ ဦးတင်မောင်(ကိုဖိုးအေး -မြန်မာ့အသံ)၏ဇနီး၊ (ဦးဝင်းကြည်)-ဒေါ်မိုးမိုး၊ (ဦးခင်မောင်သန့်)-ဒေါ်အေးအေးမူ၊ (ဦးဇော်ဝင်းအောင်)-ဒေါ်တိုးတိုး၊ ဦးမိုးဟိန်း-ဒေါ်မျိုးမမဇော်၊ ဦးဆန်းလင်း [ဒုတိယဥက္ကဋ္ဌ- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)] [ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်း ရှင်များအသင်း]-ဒေါ်ချိုချိုအောင်တို့၏ မိခင်ကြီး၊ မြေး(၈)ယောက်၊ မြစ် (၂)ယောက်တို့၏ဘွားဘွားကြီးသည် ၁-၁၁-၂၀၂၅ရက် (စနေနေ့) နံနက် (၀၆:၀၀)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၃-၁၁-၂၀၂၅ရက် (တနင်္လာနေ့)၊ မွန်းလွဲ (၁:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၂၅ရက် (သောကြာနေ့)၊ နံနက်(၇)နာရီမှ (၁၀)နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ကြွရောက်ပေးပါရန်ညှိုးငယ်စွာဖြင့်ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် (၁၁:၀၀) နာရီအချိန်တွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### (မြန်မာ့သစ်လုပ်ငန်း၊ လ/ထ မန်နေဂျာ-ငြိမ်း)
### အသက်(၈၅)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး-ဒေါက်တာနန်းတွမ်ဟွမ်စော တို့၏ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၀-၂၀၂၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပေါက်စ
### (မြန်မာ့သစ်လုပ်ငန်း၊ လ/ထ မန်နေဂျာ-ငြိမ်း)
### အသက်(၈၅)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး-ဒေါက်တာနန်းတွမ်ဟွမ်စောတို့၏ဖခင် ဦးပေါက်စ အသက်(၈၅)နှစ်သည် ၃၁-၁၁-၂၀၂၅ရက်(သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းမိသားစုများ**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်/အမည်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၄၆)၊ မြေဧရိယာ(၀.၂၂၀)ဧကအား မြေငှားဂရန်အမှုတွဲအမှတ်(၁၉၀/၂၀၀၅-၂၀၀၆)အရ (၉-၃-၂၀၀၄)မှ(၈-၄-၂၀၃၄)အထိ ဦးခင်မောင်တင့်၊ ဒေါ်ချောမေအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါအမည်ပေါက်သူများထံမှ ကျွန်မဒေါ်ဆွေမာတင့်မှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် အပြီးအပိုင်ပေးကမ်းသည့်စာချုပ်အမှတ်(၂၅၉/၂၀၂၄)အရ ပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေငှားဂရန်အား ကျွန်မဒေါ်ဆွေမာတင့်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း”

မုံရွာမြို့၊ ထန်းတော(အလံတိုင်)ရပ်ကွက်နေ ဦးမြင့်(၅/မရန(နိုင်)၁၄၁၂၁၂)၏လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးမြင့်၏သားဖြစ်သူ ဦးကိုကိုကြီး(၅/မရန(နိုင်)၂၂၁၇၉၁)သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကို မနာခံသည့်အပြင် မိသားစုအား ဂုဏ်သိက္ခာကျ စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးမြင့်** | **(လွှဲအပ်ညွှန်ကြားချက်အရ)** |
| **(လွှဲအပ်ညွှန်ကြားသူ)** | **ဒေါ်ခင်မာလွင်** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၈၇)** |
| | **မြဝတီရပ်ကွက်၊ မုံရွာမြို့။** |
| | **ဖုန်း-၀၉-၂၅၀၉၀၆၇၀၉၊ ၀၉- ၉၈၇၅၅၁၂၂၈** |

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေး (လ/ထ မန်နေဂျာ အငြိမ်းစား)
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၇၈၇)၊ မြေညီထပ်နေ (ဦးညိုလေး-ဒေါ်စောမြိုင်)တို့၏သား၊ (ဦးသာစည်-ဒေါ်အေးရှင်) တို့၏သားမက်၊ (ဦးမြင့်ဝေ)၊ ဦးငွေထွန်း- ဒေါ်အေးအေးသန်း၊ (ဦးစိုးဝင်း)-ဒေါ်အေးအေးလွင်၊ ဦးသိန်းထွန်း-ဒေါ်သင်းသင်းအေး၊ ဦးရွှေမြသိန်း-ဒေါ်ချိုချိုသန်း၊ ဦးခင်မောင်ကျော်-ဒေါ်စန်းစန်းဌေး၊ ဦးမင်းမင်းဇော်၊ (ဦးမင်းအောင်ထီ)-ဒေါ်မဥ္ဇူအေးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၁၈)ယောက်၊ မြစ်(၈)ယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး၊ (ဒေါ်သန်းညွန့်)၏ချစ်လှစွာသောခင်ပွန်းသည် (၃၁-၁၀-၂၀၂၅)ရက် (သောကြာနေ့) ညနေ (၅:၅၃)အချိန် Aryu International Hospital တွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ (၄-၁၁-၂၀၂၅)ရက် (အင်္ဂါနေ့) မွန်းလွဲ (၂:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ (၆-၁၁-၂၀၂၅ )ရက် ကြာသပတေးနေ့ နံနက် (၇:၀၀) မှ (၁၁:၀၀)နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ (၁၂:၃၀) နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးသောင်းရှိန်း (ခ) မိုးသူရှိန်း
## BSc(botany)
### MEHS (ဒဂုံ ၁) ကျောင်းသားဟောင်း
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ၊ Tower A၊ အခန်း (၁၆၁၈)နေ (ဗိုလ်မှူးကြီးရှိန်း- ဒေါ်တင်တင်မြ(ခ) ဒေါ်မြမြ) တို့၏သားကြီး၊ (ဦးစိုးဝင်း-ဒေါ်သန်းရွှေ)တို့၏သားသမက်၊ ဒေါ်သန်းသန်းဝင်း(ခ)နီတာဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးသိန်းဇော်-ဒေါက်တာဒေါ်အေးအေးရှိန်း၊ ဦးအောင်ကျော်ရှိန်း - ဒေါ်အိအိသွင်၊ (ဦးကျော်သူရှိန်း)-ဒေါ်ခင်ပြုံးရီ၊ (ဦးခိုင်ထူးရှိန်း)-ဒေါ်ကေသီထွန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်ချိုချို တို့၏ချစ်လှစွာသော အစ်ကိုကြီး၊ မသီရိရှိန်း၊ ကိုဇော်လင်းရှိန်း တို့၏ချစ်လှစွာသောဖခင်၊ မဖြူရည်မွန်သန့်၊ မောင်ရသရှိန်းတို့၏ ချစ်လှစွာသောအဘိုးဖြစ်သူ ဦးသောင်းရှိန်းသည်(၁-၁၁-၂၀၂၅)ရက်(စနေနေ့) နံနက်(၇)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၁-၁၁-၂၀၂၅)ရက် (စနေနေ့) ညနေ(၃)နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်တွင် ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးကြောင်း၊ ရပ်ဝေးရပ်နီးဆွေမျိုးများနှင့်မိတ်ဆွေသူငယ်ချင်းများအား ညှိုးငယ်စွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၇-၁၁-၂၀၂၅)ရက် (သောကြာနေ့) နံနက်(၇)နာရီမှ (၁၁)နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/E)၊ မြေကွက် အမှတ်(၇)၊ အကျယ်(၃.၄၉၅)ဧက-WM ဝင်းသွင်၊ Aဝင်းသွင် အမည်ပေါက်မြေပိုင်မြေအမျိုးအစား မြေကွက်ထဲမှ အမှတ်(၈၀၂)၊ အေးသိဒ္ဓိလမ်းသွယ်(၂)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း (၃၄ပေx၅၆ပေ)ရှိမခွဲ စိတ်ရသေးသောမြေအစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နီကျင်(၄/ထတလ(နိုင်) ၀၂၂၀၆၉)မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ခင်စန်းဌေး (၈/ထလန(နိုင်)၀၅၀၄၆၉)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ် စရန်ပေးစာ ချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါကယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော်(L.L.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၄၁)**
**အမှတ်(၈)၊ရန်ကုန်အင်းစိန်လမ်းမကြီး၊(၁၃)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၇၈၀၉၁**

## အမည်ပြောင်း

သရက်ခရိုင်၊ အထက်မင်းလှမြို့၊ အထက(မင်းလှ) GRADE-10 (A)တွင် ပညာသင်ကြားနေသော မလွန်းပိုးသံသာ၏ဖခင် ဦးရဲရင့်အောင်အား ဦးထွန်းထွန်းဝင်း ၈/မလန(နိုင်)၀၁၂၈၄၇ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးထွန်းထွန်းဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/92921, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာဆွေဝင်း ၅/ယမပ(နိုင်)၀၆၅၃၆၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၇၈၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂၊ ကချင်စုတောင်ရပ်)၊ ဦးပိုင်အမှတ် (၃၉၁/ခ)၊ မြေဧရိယာ (၀.၀၄၉)ဧကရှိမြေကွက်သည် မူလက ဒေါ်မွန်ဟွ(ခ)မြင့်မြင့်ဆွေအမည်ဖြင့် (၁၀-၂-၂၀၃၄)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်မွန်ဟွ(ခ)မြင့်မြင့်ဆွေထံမှ KYAW PHU SHU၊ AUNG KYAW KYAW တို့က (၁၁-၈-၂၀၂၅)ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၂၉၅/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ KYAW PHU SHU ၁/ဝမန(ပြု) ၀၀၀၃၁၆၊ AUNG KYAW KYAW ၁/ဝမန(ပြု)၀၀၀၈၀၀အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ မြေကွက်အမှတ် (၂၃၃၀+၂၃၃၁)၊ အကျယ်အဝန်း(၈၂'x၆၀')၊ ဧရိယာ(၀.၁၁၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်ကျိန်ခန့်မန်(၁၂/ဒလန (နိုင်) ၀၅၈၈၇၂)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်အောင်မြင့်(၁၂/အလန(နိုင်)၀၃၀၄၅၅)မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည်(LL.B)၊ (D.B.L)** | **ဒေါ်ညိုမြာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |

**အခန်းအမှတ်(308) Office Tower (3), Time City,ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

❖ **ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

ယနေ့ သတင်းအညွှန်း

## လူငယ်များကြား၌ ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားမှုအန္တရာယ် မြင့်တက်လာကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီ သတိပေး

နိုင်ငံတကာသတင်း စာ ၁၄




## ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်မဲ နိုဝင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာန၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကို ပြန်လည်ပြုပြင်ပြီး

*စာမျက်နှာ ၁၂ ကော်လံ ၁* ○



## ရထားဖြင့်ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

၁။ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၇)အဆန်/(၈)အစုန်၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် RBE ရထားများဖြင့် စီးနင်းလိုက်ပါလိုကြသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့စီးနင်းလိုက်ပါလိုသည့် ခရီးစဉ်များအလိုက် ရထားလက်မှတ်များကို အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် မိမိစတင်ခရီးသွားရောက်လိုသည့် အောက်ဖော်ပြပါဘူတာများနှင့် ယှဉ်တွဲပါဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ခရီးသွားမည့်နေ့ရက်မတိုင်မီ (၅) ရက်အလိုမှစ၍ ကြိုတင်မှတ်ပုံတင်ခြင်း(Booking) ပြုလုပ်နိုင်ပါသည်-

| | |
|---|---|
| ရန်ကုန်ဘူတာကြီး - (၀၉-၈၈၀၉၄၂၆၀၈) | တိုးကြောင်ကလေးဘူတာ-(၀၉-၈၈၀၉၄၂၆၀၉) |
| ပဲခူးဘူတာ - (၀၉-၈၈၀၉၄၂၆၀၆) | ဖြူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၅) |

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာ ၂ ရက်မှ ၆ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ

*စာမျက်နှာ ၉ ကော်လံ ၁* ■

## ချန်ပီယံရှစ်ပွဲစဉ်(၁၃)တွင် ပထမဆုံး ရှုံးပွဲ ကြုံတွေ့ခဲ့သည့် လမ်းပတ်၏ ကိုဗင်ထရီအသင်း



ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) မှ နိုဝင်ဘာ ၁ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဝရက်ဇ်ဟမ်းနှင့် အမှတ်ပေးဇယား ဦးဆောင်သူ ကိုဗင်ထရီအသင်း ပွဲစဉ်တွင် ဝရက်ဇ်ဟမ်းအသင်းက မော်ရီ၏ ဟက်ထရစ် သွင်းဂိုးဖြင့် ကိုဗင်ထရီအသင်းကို အနိုင်ရရှိခဲ့သည်။

နည်းပြ ဖရန့်လမ်းပတ်၏ ကိုဗင်ထရီအသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌

*စာမျက်နှာ ၉ ကော်လံ ၅* ●